ရေကြည်

The Mirror

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ စနေနေ့ (23-6-2012) (ဂုဏ်ပြု)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံးပရဝဏ်နှင့် ရုံးပတ်လည်တို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်၊ ကုက္ကိုပင်၊ မဟော်ဂနီပင်နှင့် ကဲ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာဘဝန်းဝင်အပင်များနှင့် အရိပ်ရ လေကာပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ မဟော်ဂနီ၊ ခရေ၊ ကဲ့ကော်၊ စိန်ပန်းကြီး၊ ပိတောက်နှင့် ရေတမာပင် စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏အထူးကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် မစ္စတာ ဟွမ်ဂျန်ယျိုသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် မစ္စတာ ဟွမ်ဂျန်ယျိ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလျှင်ငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးအပ်

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလျှင်ငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)၌ လာရောက်လျှောက်ထားရှိသည်။

ဇွန် ၁၉ ရက်တွင် ဦးဇော်မင်းဝင်း-ဒေါ်နန်းအောင်(မိသားစု)က အလျှင်ငွေကျပ်တစ်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလျှင်ငွေကျပ်တစ်သိန်းခုနစ်သောင်းရှစ်ထောင့်ငါးရာနှင့် ငွေကျပ်နှစ်သိန်းနှစ်သောင်းခြောက်ထောင့်ငါးဆယ်တန်ဖိုးရှိ အဝတ်အထည်၊ ဦးထုပ်နှင့် ခေါက်ဆွဲခြောက်များ၊ ဦးသော်ဇင်၊ ဦးနေဝင်း၊ ဦးတင်မိုးဝင်းနှင့် ဦးအောင်အောင်တို့က အလျှင်ငွေကျပ် ငါးသောင်းငါးထောင်၊ ဇွန် ၂၀ ရက်တွင် ဗိုလ်မှူးကြီးအေးကို(ငြိမ်း)-ဒေါ်လှလှအေး(မိသားစု)က အလျှင်ငွေကျပ် ငါးသိန်း၊ ဒေါ်လှိုင်မေကြူက အလျှင်ငွေကျပ်ငါးသောင်း၊ ဇွန် ၂၁ ရက်တွင် ဒေါ်မမလေး (လက်ထောက်ကထိက)(ငြိမ်း) စက်မှုလက်မှုသိပ္ပံ(အင်းစိန်/တောင်ဥ)က အလျှင်ငွေကျပ် ငါးသိန်း၊ သပြေကုန်း(ကုန်စိမ်းစျေး)စျေးသူ စျေးသားများက ငွေကျပ် တစ်ဆယ့်နှစ်သိန်းခုနစ်သောင်းရှစ်ထောင့်ငါးရာတန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ကော်ဖီမှုန့်၊ ဖိနပ်နှင့် အဝတ်အထည်များ၊

စာမျက်နှာ ၃ ကော်လံ ၄ သို့☆

မိခင်နို့ရည်၏အစွမ်းသတ္တိက ကလေးများအား အေအိုင်ဒီအက်စ်ကူးစက်မှုမှ ကာကွယ်နိုင်

ဘာသာပြန် - ထန်ဆွင်း

မိခင်နို့ရည်သည် ကလေးများအား အေအိုင်ဒီအက်စ်ရောဂါပိုးကူးစက်ခံရမှုမှ အကာအကွယ်ပေးနိုင်ဖွယ်ရှိသည်ဟု သုတေသနလေ့လာချက်တစ်ရပ်က ဆိုသည်။

အိတ်ချ်အိုင်ဗွိုင်းပိုးကူးစက်ခံရသည့် ကြွက်များအား သုတေသနပြုလုပ်ချက်အရ အဆိုပါ ကြွက်မများ၏ အကောင်ပေါက်ကလေးတချို့သည် နို့ရည်သောက်သုံးရာမှ ရောဂါပိုးရရှိသော်လည်း မိခင်နို့ရည်တွင် သန်စွမ်းသော ရောဂါပိုးခုခံနိုင်မှု စွမ်းရည်လည်း ရှိကြောင်း တွေ့ရှိသည့်အပြင် အန္တရာယ်မကင်းသည့် နို့စို့အကောင်ပေါက်ကလေးများအနက် အများစုသည် ကာလကြာရှည် နို့ရည်သောက်သုံးသော်လည်း အိတ်ချ်အိုင်ဗွိုင်းပိုး ကူးစက်ခြင်းမခံရဟု ဆိုသည်။

သိပ္ပံပညာရှင်များသည် လူသားများကဲ့သို့ အိတ်ချ်အိုင်ဗွိုင်းပိုးရရှိနိုင်အောင် လူသားဆန်ဆန် မျိုးရိုးဗီဇ ပြောင်းလဲဖန်တီးထားသည့်ကြွက်များအပေါ် သုတေသနပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါကြွက်များအား အိတ်ချ်အိုင်ဗွိုင်းပိုးပါရှိသည့် လူမိခင်နို့ တိုက်ကျွေးရာတွင် ၎င်းတို့သည် ရောဂါပိုးကူးစက်ခြင်းမခံရကြောင်း တွေ့ရှိရသည်။ ယင်းတွေ့ရှိချက်များကို Public Libary of Science Pathogens အွန်လိုင်းဂျာနယ်တွင် ဖော်ပြထားသည်။

ဤလေ့လာချက်အရ မိခင်နို့ရည်တွင် အိတ်ချ်အိုင်ဗွိုင်းပိုး ချေမှုန်းနိုင်ရောဂါပိုးကူးစက်မှုအား ဟန့်တားနိုင်သည့် အစွမ်းသတ္တိ ရှိသည်ဟူသော အလွန်အရေးပါသော ထိုးထွင်းအဖြင်ကို ရရှိသည်ဟု အမေရိကန် ပြည်ထောင်စု မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသနခေါင်းဆောင် ဗစ်တာဂါစီယာက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့◆

ယနေ့ သတင်းအညွှန်း

ဒေါသကို ဒေါသဖြင့် တုံ့ပြန်နေသမျှ လောကသည် မတည်ငြိမ်နိုင်၊ မငြိမ်းချမ်းနိုင်။ ဒေါသကို မေတ္တာဖြင့် တုံ့ပြန်နိုင်မှ လောကသည် တည်ငြိမ်မည်၊ အေးချမ်းမည်

ဆောင်းပါး စာမျက်နှာ - ၆

ဘာသာခြားစကားကိုလည်း ကျွမ်းကျင်စွာအသုံးချနိုင်ရပါမယ်။ မိခင်ဘာသာစကားသုံးတဲ့အခါမှာ ဘာသာခြားဝေါဟာရ အစားမထိုးဘဲ သူ့နေရာနဲ့သူ အသုံးပြုကြစေချင်ပါတယ်။ ဒီလိုမှ မကာကွယ်မစောင့်ရောက်ရင် မြန်မာကို ကမ္ဘာကသိအောင် ဘယ်ယဉ်ကျေးမှုနဲ့ ပြကြမလဲ

သတင်း စာမျက်နှာ - ၂

ရမည်းသင်းမှ စပါးအုံးမြွေကြီး တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)သို့ လျှောဒါန်း

သတင်း စာမျက်နှာ - ၆

အာရှယူ-၂၂ ခြေစစ်ပွဲ မြန်မာနှင့် ဗီလစ်ပိုင် သုဝဏ္ဏကွင်း၌ ယနေ့ယှဉ်ပြိုင်မည်

သတင်း စာမျက်နှာ - ၁၀

ညကာလများ၌ အလင်းရောင်ဖြင့် ထိတွေ့နေထိုင်ခြင်းဖြင့် မယ်လ်လာတိုနင် (Melatonin) ခေါ် ဓာတုဖြေပေါင်းတစ်မျိုး အိပ်စက်ချိန်အတွင်း ပေါ်ထွက်မှုကို ကမောက်ကမ ဖြစ်စေ

သတင်း စာမျက်နှာ - ၄

ကြေးမုံစာတည်းရှုထောင့်

၂၃-၆-၂၀၁၂(စနေနေ့)။

မေတ္တာတရားသည်သာ

တစ်ခါက ဥရောပနိုင်ငံတစ်နိုင်ငံတွင် ဒိုင်းနမိုက်တီထွင်မှုဖြင့် ချမ်းသာကြွယ်ဝလာသော သူဌေးကြီးတစ်ဦးရှိ၏။ တစ်နေ့သောအခါ ထိုသူဌေးကြီး၏ ညီဖြစ်သူ ဆုံးပါးသွားသည်ကို "သေမင်း၏ တမန်တော်ကြွရှာလေပြီ"ဟု သတင်းခေါင်းကြီးတစ်ပုဒ်အဖြစ် သတင်းစာများတွင် အကျယ်တဝင့် ရေးသားကြလေသည်။ အဆိုပါ သတင်းမှားဖော်ပြခဲ့သည်ကို ဒိုင်းနမိုက်သူဌေးကြီးသည် အနည်းငယ်မျှ တုန်လှုပ်မှုမဖြစ်ခဲ့သည့်အပြင် ဖော်ပြခဲ့သည့် မီဒီယာများကိုလည်း ပြစ်တင်ရှုတ်ချမှု မပြုခဲ့ချေ။

သတင်းမှားဖော်ပြခဲ့သည့်အတွက် သူဌေးကြီးသည် စိတ်မဆိုးသည့်အပြင် ထိုသို့ဖော်ပြခဲ့ခြင်းအတွက် သံဝေဂယူကာ ၎င်းပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာ၏ ၉၀ ရာခိုင်နှုန်းကို လူသားများကောင်းကျိုးအတွက် ဆောင်ရွက်မည့်အဖွဲ့အစည်းအား မတည်လှူဒါန်းငွေထည့်ဝင်ပေးမည့်အကြောင်း သေတမ်းစာရေးသားထားခဲ့လေသည်။ ထိုသူဌေးကြီးမှာ အဲဖရက်ဘားနတ်နိုဘယ်လ် ဖြစ်လေသည်။

အဆိုပါ သူဌေးကြီးယုံကြည်ကိုးကွယ်မှုမှာ ကျွန်ုပ်တို့နိုင်ငံသားအများစု ယုံကြည်သော အယူဝါဒမျိုးမဟုတ်ဘဲ အနောက်တိုင်းအယူဝါဒ ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့ယုံကြည်လက်ခံထားသည့် မင်္ဂလာတရားတော်နှင့် ကိုက်ညီပေသည်။ အမှန်တွင် မည်သည့်အယူဝါဒဖြစ်စေ မေတ္တာတရားအပေါ်တွင် အခြေခံထားသည် မဟုတ်ပါလော။

မိမိကို သေမင်း၏တမန်တော်ကြွရှာလေပြီဟု သတင်းအမှားဖြင့် သင်္ချိုင်းသို့ ပို့ဆောင်ပေးလိုက်ခြင်းအမှုကို သာမန်အနေဖြင့်ဆိုလျှင် မိမိကဲ့သို့ ဂုဏ်သရေရှိ သူဌေးကြီးအား ဤသို့ပြုလုပ်လေခြင်းဟူ၍ မာန၊ ဒေါသတည်းဟူသော အကုသိုလ်စိတ်ဖြစ်ရမည့်အစား 'ငါသည် သူဌေးကြီး၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးဖြစ်လင့်ကစား တစ်နေ့တွင် သေမင်းကို မလွဲမသွေရင်ဆိုင်ရမှာပါတကား၊ ငါ၏လူသတ်လက်နက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် မကောင်းပါတကား'ဟု သံဝေဂယူကာ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ မိမိအားအမှားပြောသူတို့အား ခွင့်လွှတ်သည်းခံပေးခြင်း၊ နောင်သံသရာကောင်းစေရေးအတွက်မိမိ၏ စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်လှူဒါန်းခြင်းစသည့် ကောင်းသောအမှုတို့ကို ပြုခဲ့လေသည်။

ထိုအခါ သူတို့၏မီဒီယာများကလည်း မိမိတို့၏အမှားကို နားလည်ခွင့်လွှတ်ပေးသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ အမှန်ဖြစ်သည်။ မိမိတို့အမှားပြုမိခြင်းအတွက် မိမိတို့ကိုယ်တိုင် သင်ခန်းစာယူကြမည်ဖြစ်သည်။ ထိုဖြစ်ရပ်နောက်တွင် ထိုသူဌေးကြီးကိုပင် သမိုင်းစဉ်တစ်လျှောက် မီဒီယာများကပင် ကောင်းချီးသြဘာပြုကြလေသည်။

ထိုဥပမာကဲ့သို့ပင် ကျွန်ုပ်တို့နိုင်ငံသားအများစုမှာ လက်ခံယုံကြည်ထားသော မင်္ဂလာတရားတော်တို့နှင့်အညီ ကျင့်သုံးနေထိုင်ကြရမည် ဖြစ်သည်။ မင်္ဂလာတရားတော်ကို မမေ့မလျော့ရှိကြဖို့လိုမည်ဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦး မေတ္တာထားခြင်းသည်သာ မွန်မြတ်လှပေသည်။ ရန်ကိုရန်ချင်း တုံ့နှင်းကြမည်ဆိုလျှင် သံသရာတွင်ဆုံးနိုင်တော့မည် မဟုတ်ချေ။

မျက်မှောက်ကာလ မြင်တွေ့နေရမှုများတွင် ရန်ကိုရန်ချင်းတုံ့နှင်းနေကြသည်ချည်းဖြစ်သည်။ မိမိတို့သည် မေတ္တာတရားကို ယုံကြည်ကြသူများဖြစ်သည်။ အမှားကိုပြုမိသူကလည်း မိမိအမှားကို မိမိပြန်လည်ဆင်ခြင်သုံးသပ်၍ အမှားကိုဝန်ခံပြီး အမှန်ကိုပြင်ကြဖို့သာဖြစ်သည်။ အမှားအပြုခံလိုက်ရသူကလည်း ပြုသူနားလည်လက်ခံလာနိုင်သည့် မေတ္တာတရားကို ရှေ့တန်းတင်လိုက်လျှင် အမှန်သို့ရောက်လာမည်ဖြစ်သည်။ ထိုသူတို့၏လောကသည်လည်း သာယာလှပကျက်သရေရှိလှသည်ကို ထိုထိုနိုင်ငံတို့တွင် တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်သစ်သို့ စတင်ချီတက်နေသော အချိန်အခါသမယတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းသောအမြင်များရှိကြဖို့လိုမည်။ မိမိကလည်း သူတစ်ပါးထိခိုက်နစ်နာမည့် အမှားကိုမပြုမိအောင် ဆင်ခြင်ဖို့၊ ပြုမိလျှင် နှစ်ဦးနှစ်ဖက်ပြေလည်အောင် မေတ္တာထားဖို့၊ ရန်ငြိုးဖွဲ့မှု၊ လက်စားချေလိုမှု၊ အပြုသဘောမဆောင်မှုစသည်တို့ကို ရှောင်ရှားကြဖို့လိုမည်။ သို့မှသာ ဒီမိုကရေစီခရီးလမ်းကို ဖြောင့်ဖြောင့်တန်းတန်းလျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား သြစတြေးလျတက္ကသိုလ်မှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား သြစတြေးလျနိုင်ငံ University of New South Wales မှ Dean, Faculty of Engineer Prof. Graham Davies ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍**(ယာပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ပံတန်း ပျုံကျဈေးသည် သားသမီးများအားထောက်ပံ့

ပဲခူး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် ပျုံကျဈေးသည် ၂၅ ဦးတို့၏ သားသမီး ကျောင်းသား ကျောင်းသူ ၄၁ ဦးအား ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၃ ရက် ညနေပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးခိုင်၊ အမှုဆောင်အရာရှိ ဦးအေးဝင်း၊ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများ၊ ပျုံကျဈေးသည်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူ ၄၁ ဦးတို့အား တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံနှုန်းဖြင့် တန်ဖိုးငွေစုစုပေါင်းကျပ် ၁၂၃၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၅. ၀၀၀	၀. ၀၀၁၁၇
ထိုင်း (ဘတ်)	၃၁. ၇၇၄၉	၀. ၀၃၁၄၇
တရုတ် (ယွမ်)	၆. ၃၆၅၃၀	၀. ၁၅၇၁၀
အိန္ဒိယ(ရူပီး)	၅၇. ၁၄၈၅	၀. ၀၁၇၅၀
မလေးရှား (ရင်းဂစ်)	၃. ၁၉၃၅၀	၀. ၃၁၃၁၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၆၈၅	၀. ၇၈၃၁၇
ဂျပန် (ယန်း)	၈၀. ၃၂၂၈	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၁၅၇. ၁၉	၀. ၀၀၀၈၆
ယူရို	၀. ၇၉၈၀၁	၁. ၂၅၃၀၂
ဗြိတိသျှ (ပေါင်)	၀. ၆၄၁၅၁	၁. ၅၅၈၈၃

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၆-၂၀၁၂ (စနေနေ့)

၇း၀၅	တရားတော်
၈း၁၅	မြန်မာစာမြန်မာစကား အပိုင်း(၁၀)
၁၁း၂၅	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၆၇)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ငြိုးမျက်မပြေ (နေမျိုးအောင်၊ မိုးယံဇွန်၊ ချမ်းမီမီကို နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဗန်းကြီး]**
၂း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၃၆)**
၄း၁၅	ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄း၄၀	ကုန်သွယ်သုတ
၅း၁၅	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀	စားဖို့ဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်သစ်ရဲ့သူ့ရဲကောင်း (အပိုင်း-၄)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -လူ့ရှင်တော်စတား -အင်္ဂလိပ်စာသုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၂၆) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရှက်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၃၈)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရဲတပ်ဖွဲ့ ဇွန် ၁၈ ရက်မှ ဇူလိုင် ၁၇ ရက်အထိပြုလုပ်မည့် မူခင်းကင်းမဲ့လ ဖွင့်ပွဲကို သာကေတမြို့နယ် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက်ကကျင်းပရာ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင် မူခင်းကင်းမဲ့လ စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးစဉ်။ (၅၃)

ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကြီးကြီး ဒေါ်ဒေါ် ခေါ်ပေးကြပါ

ဂျာနယ်တစ်စောင်တွင်ဖတ်မိသော စာတိုလေးနှစ်ပုဒ်ကို ဖတ်ပြီးတဲ့အခါမှာ ဒီစာတိုလေး နှစ်ပုဒ်ကို လူတိုင်းဖတ်ရှုပြီး လိုက်နာဆောင်ရွက်နိုင်ရန် တွန်းအားပေးချင်တဲ့ဆန္ဒတွေက တဖွားဖွားပေါ်ပေါက်လာတဲ့အတွက် ဒီဆောင်းပါးလေးရေးလိုက်ရပါတယ်။

ဒီစာတိုလေး နှစ်ပုဒ်ကတော့ ဇွန်လ ၁ ရက်နေ့ထုတ် သမီးတို့ခေတ်အနုပညာသုတရသဂျာနယ် အမှတ်(၁) အတွဲ (၆)မှာပါတဲ့ ဆရာချစ်နွေမိုးရေးတဲ့ " ဆောရီးယဉ်ကျေးမှု" နဲ့ ဒေါ်လေးမေ ရေးတဲ့ " အသုံးအနှုန်းလေးတွေ မမေ့စေချင်" ဆိုတဲ့ စာနှစ်ပုဒ်ပဲ ဖြစ်ပါတယ်။

ဒီစာနှစ်ပုဒ်က မြန်မာ့ဝေါဟာရတွေရှိပါလျက်နဲ့ နိုင်ငံခြားဝေါဟာရတွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုတဲ့အတွက် မြန်မာမှုပျောက်မှာစိုးရိမ်စွာနဲ့ ရေးထားတဲ့စာတွေပါပဲ။ ဆရာချစ်နွေမိုးက နေရာတကာသုံးနေကြတဲ့ ဆောရီးဆိုတဲ့ စကားလုံးအပေါ် ဆောရီးယဉ်ကျေးမှုဆိုပြီး တင်ပြထားသလို ဒေါ်လေးမေကလည်း ကြီးကြီးဒေါ်ဒေါ်၊ ဒေါ်လေး အသုံးအနှုန်းတွေအစား အန်တီယဉ်ကျေးမှုထွန်းကားနေတာကို တင်ပြထားတာပဲဖြစ်ပါတယ်။ အခုတင်ပြထားတဲ့ အသုံးအနှုန်း နှစ်ခုတင်မကပါဘူး၊ လူတိုင်းနီးပါးရဲ့နှုတ်ဖျားမှာ Thank you၊ Happy Birthday၊ Congratulation ဆိုတာတွေဟာလည်း မိခင်စကားလိုတောင် ဖြစ်နေပါပြီ။

အခုဆိုရင် ကိုရီးယား၊ တရုတ်ရုပ်ရှင်ကားတွေ ကမ္ဘာအနှံ့ပြသနေပါတယ်။ မလိုအပ်ဘဲ နိုင်ငံခြားဘာသာစကားကို မသုံးပါဘူး။ သူတို့ရဲ့ လူနေမှုပတ်ဝန်းကျင်ဆက်ဆံမှုတွေကို မိခင်ဘာသာစကားနဲ့ပဲ တင်ပြပါတယ်။ သူတို့ရဲ့ယဉ်ကျေးမှုကို အဓိကထား တင်ပြကြပါတယ်။ ဥပမာ မွေးနေ့ပွဲဆိုလည်း သူတို့ဘာသာစကားကို အသုံးပြုတာ တွေ့ရပါတယ်။ ကျွန်မတို့ဆီမှာ Happy Birthday လို့ပဲ ဆုတောင်းပေးနေကြပါတယ်။ တခြား ဥပမာတွေကတော့ အများကြီးပါပဲ။ ကောင်းတာတွေ အတုယူမယ်ဆိုရင် ယူစရာတွေအများကြီးပါပဲ။ ကျွန်မတို့ရဲ့ မိခင်ဘာသာစကားကို မမေ့အောင်၊ လိုက်နာပြီးပြောဆိုအောင် စည်းရုံးလှုံ့ဆော်ပေးရန် မီဒီယာတွေမှာ တာဝန်ရှိပါတယ်။

လွတ်လပ်ရေးမရမီနဲ့ ရပြီးအထိ အထက်တန်းလွှာတွေမှာ ယူ(you) နဲ့ အိုင်(I)နဲ့ သုံးကြပါတယ်။ မီဒီယာတွေမှာမသုံးတဲ့အတွက် လူထုထဲမှာ ကျယ်ကျယ်ပြန့်ပြန့် သုံးတဲ့အဆင့် မရောက်ခဲ့ပါဘူး။ လူထုက မီဒီယာကနေ အတုယူတာပါပဲ။ တစ်ချိန်တုန်းက ဒေါ်တင်တင်မူရဲ့ စီးကရက်သောက်တဲ့ အမူအရာကောင်းလွန်းလို့ အတုယူခဲ့ကြတဲ့သူတွေရှိသလို အသည်းကွဲရင် အရက်သောက်ရတယ်ဆိုတဲ့ ဝတ္ထုတွေဖတ်မိပြီး အတုယူ လိုက်လုပ်ခဲ့တဲ့ လူငယ်တွေ တစ်ခေတ်ဆန်းခဲ့ပါတယ်။ ဒါပေမယ့် ရုပ်ရှင်ဆိုတာရုံမှာ သွားကြည့်မှ၊ ဝတ္ထုဆိုတာ ဖတ်မှသိရတော့ အခုလောက်မကျယ်ပြန့်ခဲ့ပါဘူး။ အခုတော့ ၂၄ နာရီ ဖျော်ဖြေနေတဲ့ မီဒီယာတွေ၊ လူတိုင်းတတ်နိုင်တဲ့ ဖျော်ဖြေရေးစက်ကိရိယာတွေရှိတဲ့အတွက် ပျံ့နှံ့လွယ်ပါတယ်။

အခုလိုပြောနေရတာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြောနေတာတော့ မဟုတ်ပါဘူး။ ဘာသာခြားစကားကိုလည်း ကျွမ်းကျင်စွာအသုံးချနိုင်ရပါမယ်။ မိခင်ဘာသာစကားသုံးတဲ့အခါမှာ ဘာသာခြားဝေါဟာရ အစားမထိုးဘဲ သူ့နေရာနဲ့သူ အသုံးပြုကြစေချင်ပါတယ်။ သူများတွေက သူတို့ရဲ့ယဉ်ကျေးမှုကမ္ဘာကို ထိုးဖောက်နိုင်ဖို့ ကြိုးစားနေကြချိန်မှာ ကျွန်မတို့က ကျွန်မတို့ရဲ့ ယဉ်ကျေးမှုမပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်ရပါမယ်။ ဒီလိုမှမကာကွယ် မစောင့်ရှောက်ရင် မြန်မာကိုကမ္ဘာကသိအောင် ဘယ်ယဉ်ကျေးမှုနဲ့ပြကြမှာလဲ။

လူမှာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိပါတယ်။ သူများကို မထိခိုက်စေတဲ့ အပြုအမူအပြောအဆို လုပ်ခွင့်ရှိပါတယ်။ မီဒီယာများနဲ့ အနုပညာရှင်များကတော့ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်။ ပြင်ပလောကမှာ ဘယ်လိုပဲနေနေ ပြည်သူကိုတင်ပြရမယ့် အခန်းကဏ္ဍမှာတော့ ဆင်ခြင်ရပါတယ်။ အမှတ်တမဲ့နဲ့သုံးနေကြတဲ့ ဘာသာခြားဝေါဟာရတွေကို ပြန်လည်ဆန်းစစ်ပြီး လိုတဲ့နေရာတွေမှာသာတတ်နိုင်သမျှ မြန်မာလိုတင်ပြကြရင် မိခင်ဘာသာစကားကို ထိန်းသိမ်းရာလည်း ရောက်ပါတယ်။

မြန်မာပြည်ကို ချစ်ပါတယ်၊ မြန်မာပြည်သူတို့ရဲ့ဘဝကိုတိုးတက်စေချင်ပါတယ်၊ မြန်မာဖြစ်ရတာကို ဂုဏ်ယူပါတယ်လို့ပြောနေကြတဲ့ နိုင်ငံကြီးသားများအားလုံး ရှေ့က စာတိုလေး နှစ်ပုဒ်ကို အသေးအမွှားလို့ မယူဆဘဲ ကိုယ်ကိုယ်တိုင်နှုတ်မှာစွဲနေတာကို ပြင်ရမယ့်အချိန် ရောက်လာပါပြီ။

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် မြန်မာအမျိုးသမီးများအားလုံး ကြီးကြီး ဒေါ်ဒေါ် ဒေါ်လေးဆိုတဲ့ မိခင်ဝေါဟာရကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး အန်တီဆိုတဲ့ နိုင်ငံခြားဝေါဟာရကို ဖယ်ရှားပစ်ကြပါစို့လို့။ ။

ဝေါဟာရနုတ်

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ Champion Challenge Cup ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားအဖွဲ့များအား လှည့်လည်အားပေး

နေပြည်တော် ဇွန် ၂၂

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူသီရိအားကစားဇုန်ရှိ ဖူဆယ်အားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့်အတူ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲတတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ တံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားဖူဆယ်ပြိုင်ပွဲတံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

ဒုတိယဝန်ကြီးသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၇)တည်းခိုရေးစခန်း၌ တည်းခိုနေ

ကြသော Champion Challenge Cup ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားအဖွဲ့များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်တော်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပုဏ္ဏားကျွန်းမြို့နှင့် ခန္တီးမြို့တို့တွင် ၂ ဒသမ ၇၅ လက်မစီ၊ အမ်းမြို့တွင် ၂ ဒသမ ၇၁ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ သင်္ဘောဖြင့်သွားရောက်ပေးပို့၊ အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အဝတ်အစား၊ စားသောက်ကုန်နှင့် လူသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းထားသော ဆန်အိတ် ၈၀၀၊ Calsome ကွေကာ ၇၇ ပုံး၊ စွန်ပလွန်ယို ၅ တန်ရှိ ပုံး ၂၅၀၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းနှင့် စာရေးကိရိယာများစသည့် ထောက်ပံ့ရေးပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဆိပ်ကမ်းမှသင်္ဘောဖြင့် ရခိုင်ပြည်နယ်သို့ ပေးပို့ခဲ့သည်။

ထိုသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ရာတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်သူရတို့က အနီးကပ်ကြီးကြပ်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ တို့က ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည်။

အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ M.K Trading Co., Ltd. မှ ဦးသန်းထွန်းက မာမားခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၀၊ မြန်မာတိုကီဝါကော်ပိုရေးရှင်းက ခဲတံ ၃၇၅ ဂရောစ်၊ ရောင်စုံခဲတံဒါဇင် ၃၆၀၀၊ M.K Trading Co., Ltd. မှ ဦးရဲမျိုးမင်းက ငွေကျပ် လေးဆယ့်သုံးသိန်းငါးသောင်းတန်ဖိုးရှိ ငါးသေတ္တာဘူးသေး ၁၅၀၀၀၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက ဆန်အိတ် ၂၀၀ အတွက် ငွေကျပ်သိန်းသုံးဆယ်၊ Myanmar Information Technology Co., Ltd. က ငွေကျပ် နှစ်ဆယ့်နှစ်သိန်း တစ်ထောင်၊ Thet Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းသန်းထွဋ်က ငွေကျပ်နှစ်ဆယ့်တစ်သိန်းခြောက်သောင်း တန်ဖိုးရှိ ကော်ဖီမစ်ပုံး ၁၀၀ နှင့် အဝတ်အထည်နှစ်ထုပ်၊ တာချီလိတ်မြို့နယ်မှ စေတနာရှင်များက ငွေကျပ် တစ်ဆယ့်ငါးသိန်း၊ ဆည်မြောင်းဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲက ငွေကျပ် ငါးသိန်းတစ်သောင်းရှစ်ထောင့်ငါးရာနှင့် အဝတ်အထည် ၁၀ ပုံး၊ ဆည်မြောင်းဦးစီးဌာန စီမံရေးရာဌာနခွဲက ငွေကျပ်ရှစ်သောင်းလေးထောင်နှင့် အဝတ်အထည် နှစ်ပုံး၊ ဂျပန်နိုင်ငံရောက် စေတနာရှင်မြန်မာများက ငွေကျပ်ငါးသိန်း၊ အင်ကြင်းမေ၊ သူဇာကျော်၊ မချိုအေး (ဧည့်လမ်းညွှန်)တို့က ငွေကျပ်သုံးသောင်း၊ ဦးတင်မောင်ဦး (ဧည့်လမ်းညွှန်)က ငွေကျပ်ငါးသောင်း၊ ဦးတင်မိုး- ဒေါ်ခင်ချိုသန်း (ထူးမှထူး တိုင်းရင်းဆေးလုပ်ငန်း)က ငွေကျပ်ခုနစ်သောင်းတန်ဖိုးရှိ တိုင်းရင်းဆေး ၁၀ ဒါဇင်၊ ဦးထင်အောင်ကြည် -ဒေါ်ခင်သန္တာဦးက အဝတ်အထည် နှစ်ထုပ်၊ ဒေါ်သဇင်၊ သား မောင်မိုးသုက ငွေကျပ်တစ်သောင်းငါးထောင်နှင့် အဝတ်အထည်နှစ်ထုပ်၊ ဒေါ်အေးအေးကြူမိသားစုက အဝတ်အထည် နှစ်ထုပ်၊ Impact Co., Ltd. က ငွေကျပ်တစ်သိန်း ရှစ်သောင်းတန်ဖိုးရှိ Good ခေါက်ဆွဲခြောက် ပါကင် ၃၀၊ ဦးသန်းဆွေ-ဒေါ်မြစီက ငွေကျပ်နှစ်သောင်း၊ ဦးမြင့်စိုး-ဒေါ်မြင့်မြင့်ဝင်းက ငွေကျပ်ခြောက်ထောင်၊ ဦးဖြူသာထူးက ငွေကျပ်ငါးသိန်းငါးသောင်း၊ ဦးတင်လှ -ဒေါ်လှမြင့်က အဝတ်အထည်ခုနစ်အိတ်၊ UNFPA က ပစ္စည်းအထုပ် ၂၀၊ မြန်စတားအထည်ချုပ် Union Success Shipping Co., Ltd. က ငွေကျပ်နှစ်သိန်းတစ်သောင်းရှစ်ထောင်တန်ဖိုးရှိ အဝတ်အထည် နှစ်ထုပ်၊ လောကနတ်ကဖီး Golden Star စားသောက်ဆိုင် ဝန်ထမ်းများနှင့် မိသားစုက ငွေကျပ်ငါးသောင်း၊ အဝတ်အထည် တစ်ထုပ်၊ ပန်းကန် တစ်ဖာ၊ ခေါက်ဆွဲခြောက်နှစ်ဖာ၊ ဦးဝင်း-ဒေါ်အေးအေးကြည် မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်ကြည်ကြည်သင်းက အဝတ်အထည် ငါးထုပ်၊ ဦးချစ်ဆွေ-ဒေါ်အေးအေးစန်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်စိုးစိုးမိသားစုက အဝတ်အထည် သုံးထုပ်၊ ဦးနေမင်းက ငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်၊ မတင်နွယ်ဝင်းနှင့် မအေးသဉ္ဇာတို့က အဝတ်အထည်နှစ်ထုပ်၊ ဦးထွန်းဝင်း-ဒေါ်တင်ရီ မိသားစုက ငွေကျပ်နှစ်သောင်းငါးထောင်နှင့် စောင်တစ်ထည်၊ ခြင်ထောင် တစ်လုံး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ် ဘဏ္ဍာရေးဌာနက ငွေကျပ်တစ်သိန်း၊ ပျော်ဘွယ်မြို့ မြင်းဘက်ရပ်နေ ဦးလှအောင်ရွှေဆိုင် ဦးလှအောင်-ဒေါ်ရင်မြ မိသားစုက ငွေကျပ်နှစ်သိန်း၊ ကျေးဇူးရှင်မိဘနှစ်ပါးအား ရည်စူး၍ သား ဦးမြင့်ထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)နှင့် သမီးများက ငွေကျပ် တစ်သိန်း၊ မီးပုံးပျံပညာရှင် ဒေါက်တာသန်းဝင်း - ဒေါ်နန်းမွန်မြတ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိုးမင်း ဦး+ဒေါ်ယုယုမော်မိသားစုက ငွေကျပ်သုံးသောင်းနှင့် ပန်းကန် ၂၂ ပါကင်၊ စားပွဲတင်နာရီ တစ်လုံး၊ ကိုအာကာဝင်း-မစုစုက ငွေကျပ်နှစ်သောင်း၊ မိုးကြိုးဆာလ်ဗျူရစ်အက်စစ်စက်ရုံ ဝန်ထမ်းများက ငွေကျပ် တစ်သိန်းငါးထောင်၊ ဦးမြင့်ထွန်း-ဒေါ်လှလှအေး(ဝိဇ္ဇာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ အင်းစိန်ရွာမဗလီအကျိုးဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ကပ္ပတိန် အောင်ကျော်မိုး-ဒေါ်ဌေးဌေးဇံ မိသားစုက ငွေကျပ်တစ်သိန်း၊ ကပ္ပတိန် ဦးဝဏ္ဏထွန်း-ဒေါ်ခင်မျိုးသွယ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်အေး မိသားစုက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည် နှစ်ထုပ်၊ ဒေါက်တာချောစုလတ်နှင့် ဒေါက်တာချမ်းမြေ့အေးတို့က ငွေကျပ်ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှု စုစုပေါင်းမှာ ငွေ ၁၅၅၇၉၂၆၇၆ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ အလှူငွေ နှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

☆ရွှေဖုံးမှ

ဇွန် ၂၂ ရက်တွင် ဆရာတော် ဦးနန္ဒမာလာ ဓမ္မစရိယပရိယတ္တိ စာသင်တိုက်၊ မစိုးရိမ်ရပ်ကွက် ပျဉ်းမနားမြို့က ငွေကျပ်လေးသိန်းတန်ဖိုးရှိ ကျားလုံချည်နှင့် မလုံချည်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဆရာ ဆရာမများက အလှူငွေကျပ် သုံးသောင်း၊ အဝတ်အထည်မျိုးစုံနှင့် ဆေးတစ်ပုံး၊ မကြီး(မိသားစု)က အလှူငွေကျပ် တစ်သောင်း၊ မြတ်ပန်းတော်ဝင်မိသားစုက ငွေကျပ် ငါးသိန်းနှစ်သောင်းတန်ဖိုးရှိ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ငွေကျပ် လေးသောင်းခုနစ်ထောင့်ခြောက်ရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ အလုပ်သမားဝန်ကြီးဌာနက ငွေကျပ် တစ်သောင်းခြောက်ထောင့်ငါးရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်က ငွေကျပ်တစ်သောင်းလေးထောင်တန်ဖိုးရှိ အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရန်ကုန် အုန်းသီးကုန်စည်ဒိုင်များ အရောင်းအဝယ်သွက်နေ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ရှိ အုန်းသီးပွဲရုံများရှိရာ ဗားကရာကုန်စည်ဒိုင်တွင် အုန်းသီးများ **(အပေါ်ပုံ)** အရောင်းအဝယ်ကောင်းနေပြီး ဆက်လက်အရောင်းအဝယ်သွက်မည်ဖြစ်ကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်တင်က ပြောသည်။

အဆိုပါ ပွဲရုံများသို့ ဘိုကလေး၊ ဖျာပုံ၊ အမာ၊ ကျိုက်လတ်၊ ဒေးဒရဲတို့မှ အုန်းသီးများ ဝင်ရောက်မှုရှိပြီး ပုသိမ်ဘက်မှ တစ်ခါတစ်ရံ ဝင်ရောက်လာလျက်ရှိကြောင်း၊ နေ့စဉ်စက်လှေများဖြင့် ဝင်ရောက်လာမှုမှာ တစ်ရက်ပျမ်းမျှ ဆွဲအုန်း အလုံးရေ ၈၀၀၀မှ ၁၀၀၀၀ ကြားနှင့် အခွံချွတ်အုန်းအလုံးရေ ၃၀၀၀၀ မှ ၅၀၀၀၀ ကြားဝင်ရောက်နေခြင်းဖြစ်ပြီး ယခုနှစ်တွင် ပိုမိုဝင်ရောက်လာခြင်း ဖြစ်ကြောင်းသိရသည်။ ယင်းအုန်းသီးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် မြန်မာနိုင်ငံအလယ်ပိုင်း၊ အထက်ပိုင်းဒေသများဖြစ်သော မန္တလေး၊ တောင်ကြီး၊မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မင်းဘူး စသော ဒေသများသို့ တိုက်ရိုက်တင်ပို့ခြင်းဖြစ်ပြီး ချောက်၊ ရေနံချောင်း၊ လှိုင်ကော်၊ မိုးကောင်း၊မိုးညှင်းစသော ဒေသများသို့လည်း တစ်ဆင့်ခံ ဝယ်လက်များမှ တင်ပို့ခြင်းဖြစ်သည်။

ယခင်က မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် မန္တလေး၊ တောင်ငူ၊ ပျဉ်းမနား၊လယ်ဝေးစသော ဒေသများမှ ထွက်သည့် အုန်းသီးများနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချရသော်လည်း ယင်းဒေသများမှ အုန်းသီးထွက်ရှိမှု ယခုအချိန်တွင် အနည်းငယ်လျော့လာခြင်းက မြစ်ဝကျွန်းပေါ်ထွက် အုန်းသီးများအတွက် ဈေးကွက်အလားအလာကောင်းများရှိလာခဲ့သည်။ "ဒီနှစ်ပိုထွက်လာတဲ့အပြင် ဈေးကွက်ကလည်း ကောင်းလာတဲ့အနေအထားမှာရှိတယ်။ ရွှေ့လထဲမှာ ပိုပြီးတော့ ဈေးကွက်ကောင်းလာဦးမယ်၊ ဈေးတော့တက်မှာ မဟုတ်ဘူး"ဟု ဦးအောင်တင်က ရှင်းပြသည်။

လွန်ခဲ့သော ဧပြီလမှ ဇွန် ၁၅ ရက်လောက်အထိ ရန်ကုန်မြို့တွင် အုန်းသီးဈေးကွက်မှာအေးခဲ့ရာမှ ယခုအခါ ဈေးကွက်ကောင်းကာ အရောင်းအဝယ်သွက်လာခဲ့ခြင်းဖြစ်သည်။

"ဒီနှစ် သီးထွက်အားကောင်းလာသလို အပင်တွေမှာလည်း အရင်ထက်နှစ်ဆပိုသီးလာတဲ့အနေအထားရှိတယ်။ နောက်ပိုင်းဈေးကွက်သွက်လာပေမယ့် ဈေးတော့သိပ်တက်မယ့်အနေအထားမရှိနိုင်ဘူး"ဟု ယင်းပုဂ္ဂိုလ်က ဆက်လက် ရှင်းပြသည်။ ထို့ကြောင့် ဗားကရာ ကုန်စည်ဒိုင်တွင် ဆွဲအုန်းမှာ ငွေကျပ် ၂၅၀ မှ ၃၅၀ ကြားနှင့် အခွံချွတ် အုန်းမှာ ငွေကျပ် ၁၅၀ မှ ၂၅၀ ကြား ပေါက်ဈေးရှိနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (ထက်ခိုင်-စမ်းချောင်း)

◆မိခင်နို့ရည်၏မှ

နို့တိုက်ခြင်းကြောင့် မည်သည့်ကလေးမျှ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရမည် မဟုတ်ကြောင်း နို့ရည်သောက်သုံးခြင်းကြောင့် အလွန်အရေးကြီးသော အာဟာရဓာတ်များရရှိပြီး တခြားကူးစက်ရောဂါများမှ အကာအကွယ်ပေးကြောင်း မိခင်မှ ကလေးထံသို့ မည်ကဲ့သို့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်သည်ကို သိရှိသော်ငြားလည်း မိခင်နို့ရည်၏ ရောဂါခုခံနိုင်သည့် အစွမ်းသတ္တိများက အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပျံ့နှံ့မှုအား ဟန့်တားရေးကို အထောက်အကူပြုလိမ့်မည် ဖြစ်ကြောင်း ဒေါက်တာဗစ်တာကာဂါဝီယာက ပြောသည်။

အထက်ပါတွေ့ရှိချက်များမှာ အလွန်အရေးပါကြောင်း၊ အကြောင်းမှာ ၎င်းတို့က မိခင်နို့ရည်သည် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသည့် မိခင်များ၏နို့ရည်ထဲတွင် တွေ့ရှိသည့် ရောဂါပိုးများနှင့် ရောဂါပိုးကူးစက်ခံရသည့် ဆဲလ်များမှတစ်ဆင့် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု ပုံစံနှစ်မျိုးစလုံးကို လုံးဝဟန့်တားနိုင်သည်ဟု ပြသကြောင်း သုတေသနစာတမ်းပြုစုသူ ဒေါက်တာ အင်ဂျလာဝါဟဲလ်ကပြောကြားသည်။

သက်တမ်းနှစ်ပေါင်း ၃၇၀၀၀ ရှိသည်ဟု ယူဆရသည့် ရှေးဟောင်း အရိုးစုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရသော သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းရှိ ဖာဟိန်းအုတ်ဂူ တူးဖော်မှုလုပ်ငန်းခွင်။

သမိုင်းမတင်မီခေတ် လူသားအရိုးစု သီရိလင်္ကာနိုင်ငံ၌ ရှာဖွေတွေ့ရှိ

ကိုလံဘို ဇွန် ၂၂

သီရိလင်္ကာနိုင်ငံ၌ မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သော ရှေးဟောင်းအရိုးစုတစ်ခုမှာ သမိုင်းမတင်မီခေတ် လူသားတစ်ဦး၏ ရုပ်ကြွင်းဖြစ်ပြီး သက်တမ်းနှစ်ပေါင်း ၃၇၀၀၀ ရှိသည်ဟု ယူဆရကြောင်း ရှေးဟောင်းသုတေသနဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအနောက်ပိုင်း ဖာဟိန်းအုတ်ဂူ၏ မြေအောက်၌ တူးဖော်တွေ့ရှိရသော လူသားအရိုးစုမှာ ဘလန်ဂိုဒါလူသားမျိုးနွယ်မှဖြစ်ပြီး ကာဗွန်ဖြင့် သက်တမ်းတွက်ချက်သော နည်းလမ်းဖြင့် စစ်ဆေးလေ့လာနိုင်ရန် အမေရိကန်နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း သီရိလင်္ကာရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဆီနာရတ်ဒီဆန်နာယဘာက ပြောကြားသည်။

အဆိုပါ လူသားအရိုးစုကို စုံစမ်းစစ်ဆေးလေ့လာနိုင်ရန် ဗြိတိန်နိုင်ငံမှ ရှေးဟောင်းသုတေသီများ အဖွဲ့တစ်ဖွဲ့ကို ဖိတ်ခေါ်ထားကြောင်း ၎င်းက ပြောကြားသည်။

ယင်းအရိုးစုနှင့်အတူ ကျောက်လက်နက်အချို့၊ အဆင်တန်ဆာအဖြစ်အသုံးပြုသော ပုတီးစေ့များနှင့် တိရစ္ဆာန်အရိုးဖြင့်ပြုလုပ်သော လက်နက်များကိုလည်း တူးဖော်တွေ့ရှိခဲ့ရသည်။ သီရိလင်္ကာနိုင်ငံ၌ ရှေးဟောင်းလူသားအရိုးစု ရုပ်ကြွင်းတစ်ခုလုံးကို ရှာဖွေတွေ့ရှိရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဆင်ဟွာ။

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေးပြည်နယ်၌ ပြင်းထန်သော မိုးခေါင်မှု ဖြစ်ပေါ်လျက်ရှိ

ပေကျင်း ဇွန် ၂၂

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေးပြည်နယ်၌ ပြင်းထန်သော မိုးခေါင်မှုတစ်ရပ်ဖြစ်ပေါ်လျက်ရှိရာ သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဟူပေးပြည်နယ်၌ မိုးခေါင်မှုဒဏ် သက်သာလျော့ပါးရေးလုပ်ငန်း၌ ပါဝင်ကူညီနိုင်ရန် မြို့ပြရေးရာများဝန်ကြီးဌာနနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးကော်မရှင်တို့က ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ထားသည်။

ဟူပေးပြည်နယ်၏ ဒေသများ၌ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ မိုးခေါင်မှုဖြစ်ပေါ်လျက်ရှိသည်။ ပုံမှန်အောက် မိုးရေချိန်ကိုသာရရှိခဲ့ပြီး ဒေသအချို့တွင် စံချိန်တင်ရလောက်အောင် မိုးရွာသွန်းမှု အလွန်နည်းပါးခဲ့သည်။

ဟူပေးပြည်နယ်ရှိ ပြည်သူ ၃ ဒသမ ၂၉ သန်းမှာ မိုးခေါင်မှုဒဏ်ကို ခံစားနေကြရကြောင်း၊ ပြည်သူ ၁ ဒသမ ၁၇ သန်းမှာ စားဝတ်နေရေးအခက်အခဲများရှိနေပြီး အစိုးရ၏ အကူအညီကို ရယူရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆင်ဟွာ။

ထောက်လှမ်းရေးဂြိုဟ်တု အမေရိကန်လွှတ်တင်

ဝါရှင်တန် ဇွန် ၂၂

အမေရိကန်လေတပ်သည် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှနေ၍ အက်တလတ်စ်-၅ အမျိုးအစား ဒုံးပျံယာဉ်ဖြင့် ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို လွှတ်တင်လိုက်ကြောင်း အမေရိကန်သတင်းဌာနများက ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အမျိုးသားထောက်လှမ်းရေးရုံးအတွက် အင်နာအာရ်အိုအယ်လ်-၃၈ အမျိုးအစား ထောက်လှမ်းရေးဂြိုဟ်တုကို ဇွန် ၂၀ ရက်တွင် လွှတ်တင်ခဲ့သည်။ လုံခြုံရေးအကြောင်းတရားများအရ ယင်းဂြိုဟ်တုနှင့်သက်ဆိုင်နေသော သတင်းအချက်အလက်များကို အသေးစိတ်ထုတ်ပြန်ကြေညာခြင်းမရှိပေ။

အက်တလတ်စ်-၅ အမျိုးအစား ဒုံးပျံယာဉ်လွှတ်တင်မှုသည် အောင်မြင်မှုရှိခဲ့ပြီး သယ်ဆောင်သွားသောဂြိုဟ်တုကို ရည်မှန်းထားသည့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပို့ဆောင်နိုင်ခဲ့ကြောင်း အမျိုးသားထောက်လှမ်းရေးရုံးက ပြောကြားခဲ့သည်။

အမျိုးသားထောက်လှမ်းရေးရုံး(အင်နာအာရ်အို)သည် အမေရိကန်စစ်ဘက်၏ သူလျှိုဂြိုဟ်တုများကို ကြီးကြပ်ကွပ်ကဲရသော ထောက်လှမ်းရေးအေဂျင်စီတစ်ခုဖြစ်သည်။

ဇွန် ၂၀ ရက်က လွှတ်တင်ခဲ့သော အဆိုပါဂြိုဟ်တုသည် အမျိုးသားထောက်လှမ်းရေးရုံးက လွှတ်တင်ရန်စီစဉ်ထားသော ဂြိုဟ်တုလေးစင်းအနက် ဒုတိယမြောက် ဂြိုဟ်တုဖြစ်သည်။

ဆင်ဟွာ။

ညပိုင်းအလင်းရောင်ကြောင့် ကျန်းမာရေးထိခိုက်နိုင်

နယူးယောက် ဇွန် ၂၂

နေ့ညမပြတ် လှုပ်ရှားရုန်းကန်နေကြရသော လူ့အဖွဲ့အစည်းအတွက် ညပိုင်း၌ မီးရောင်ရရှိရန် လိုအပ်သည်။ သို့ရာတွင် ဆေးပညာရှင်များ၏ အဆိုအရ ညပိုင်းမီးအလင်းရောင်များကြောင့် လူသားတို့၏ ကျန်းမာရေးတွင် မလိုလားအပ်သည့် အကျိုးဆက်များ ပေါ်ပေါက်လာနိုင်ကြောင်း ဇွန် ၂၁ ရက်သတင်းများ၌ ဖော်ပြထားသည်။

ကွန်ပျူတာဖန်သားပြင်နှင့် အခြားအီလက်ထရွန်နစ်မီဒီယာများမှ ထွက်ပေါ်လာသော အလင်းရောင်များအပါအဝင် ညပိုင်းပိုလျှံအလင်းရောင်များကြောင့် ကလေးများနှင့် ဆယ်ကျော်သက်များ၏ အိပ်စက်ချိန် ကမောက်ကမဖြစ်လာနိုင်ကြောင်း အမေရိကန်ဆေးပညာအသင်း(အေအမ်အေ)က ယခုသီတင်းပတ်အတွင်း အသိအမှတ်ပြုခဲ့သည်။

ညပိုင်း၌ မီးအလင်းရောင်ကို အလွဲသုံးခြင်းသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများအား ပေါ်ပေါက်လာစေနိုင်ပြီး အလွန်အကျွံသုံးစွဲပါက ကင်ဆာရောဂါဖြစ်ပွားစေနိုင်သော အလားအလာများမြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

လူသားတို့၏ ကျန်းမာရေးအပေါ် ညပိုင်းမီးရောင်များ၏ အကျိုးသက်ရောက်မှုအား ဆက်လက်သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း အမေရိကန်ဆေးပညာအသင်းကြီး (အေအမ်အေ)က ထောက်ခံခဲ့သည်။

ယင်းအပြင် လူသားတို့၏ ဇီဝနာရီအပေါ် ညမီးရောင်များ၏အကျိုးသက်ရောက်မှုအား လျှော့ချရေးအတွက် မီးရောင်ဖန်တီးမှုဆိုင်ရာနည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း လိုအပ်ကြောင်း(အေအမ်အေ)မှ ပညာရှင်များက ပြောကြားခဲ့သည်။

၂၄ နာရီပတ်လုံး မီးရောင်အသုံးပြုမှုကြောင့် ကင်ဆာရောဂါများ ဖြစ်လာနိုင်မည့်အလားအလာ မြင့်တက်လာတတ်သည်ကို တိရစ္ဆာန်များနှင့် လေ့လာသုတေသနပြုလုပ်ချက်များအရ တွေ့ရှိခဲ့ရပြီးဖြစ်သည်။

ညကာလများ၌ အလင်းရောင်ဖြင့် ထိတွေ့နေထိုင်ခြင်းဖြင့် မယ်လ်လာတိုနင် (Melatonin)ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး အိပ်စက်ချိန်အတွင်း ပေါ်ထွက်မှုကို ကမောက်ကမဖြစ်စေတတ်သည်။



မယ်လ်လာတိုနင် ဒြပ်ပေါင်းအား ကင်ဆာရောဂါကို ခုခံနိုင် သည့် ဒြပ်ပေါင်းတစ်မျိုးအဖြစ် သိပ္ပံပညာရှင်များက ယူဆသတ်မှတ်ထားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ပြင်ရှိ ကာဂါရေကန်ဘေးတွင် တည်ဆောက်ထားသော စဟိုမိုင်း ဟိုတယ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သော တာလီဘန်များနှင့် အာဖဂန် လုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားစဉ်။

ကဘူးမြို့စွန်ဟိုတယ်တစ်ခုကို တာလီဘန်များ အကြမ်းဖက်တိုက်ခိုက်

ကဘူး ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ပြင်၌ရှိသည့် ဟိုတယ်တစ်လုံးအား ၁၂ နာရီကြာမျှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသော တာလီဘန်စစ်သွေးကြွများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက နှိမ်နင်းရှင်းလင်းခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

ကာဂါရေကန်ဘေးတွင် တည်ဆောက်ထားသော စဟိုမိုင်း ဟိုတယ်ကို တာလီဘန်သောင်းကျန်းသူများက ဇွန် ၂၁ ရက် ညပိုင်းတွင် ဝင်ရောက်တိုက်ခိုက်ပြီး ဓားစာခံအမြောက်အမြားအား ထိန်းသိမ်းထားခဲ့သည်။

ဟိုတယ်၌လာရောက်တည်းခိုနေကြသော ဧည့်သည်များ အပါအဝင် အရပ်သား ၁၅ ဦးနှင့် သောင်းကျန်းသူအားလုံး သေဆုံးခဲ့ကြောင်း ကဘူးရဲတပ်ဖွဲ့အကြီးအကဲက ပြောသည်။

ချမ်းသာကြွယ်ဝသော အာဖဂန်လူမျိုးများနှင့် နိုင်ငံခြားသားများသည် ပါတီပွဲများပေးရန်အတွက် ယင်းဟိုတယ်ကို အသုံးပြုနေသဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း တာလီဘန်တို့က ကြေညာသည်။

ကာဂါရေကန်သည် ကဘူးမြို့စွန်တွင်တည်ရှိပြီး ယင်းရေကန်သို့ ကဘူးမြို့သူမြို့သားများနှင့် မိသားစုများ တစ်နေ့တာ ပျော်ပွဲစား အပန်းဖြေခရီးထွက်လေ့ရှိကြသည်။

ဟိုတယ်သည် မြို့စွန်မြို့ဖျား၌ရှိသဖြင့် လုံခြုံရေးအားနည်းသည့်အတွက် တာလီဘန်သောင်းကျန်းသူများက လွယ်ကူစွာ တိုက်ခိုက်နိုင်သောပစ်မှတ်ဖြစ်သည်ဟု ဘီဘီစီသတင်းထောက်က ပြောသည်။

အင်တာနက်။

ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးများ၌ မျိုးဗီဇအပြောင်းအလဲများ ဖြစ်ပေါ်ပါက လူသားတစ်ဦးမှ အခြားတစ်ဦးထံ ကူးစက်နိုင်ကြောင်း သိပ္ပံပညာရှင်များသတိပေး

ကိန်းဘရစ် ဇွန် ၂၂

ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဗိုင်းရပ်စ်ပိုးများသည် လေထုတွင်းမှတစ်ဆင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သော ဗိုင်းရပ်စ်ပိုးအဖြစ် အသွင်ပြောင်းလဲသွားနိုင်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ဇွန် ၂၁ ရက်တွင်ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးများသည် တိရစ္ဆာန်များမှတစ်ဆင့်လူများထံကူးစက်နိုင်သော်လည်း လူသားတစ်ဦးမှ အခြားတစ်ဦးထံကူးစက်ပြန့်ပွားနိုင်မှုမရှိသေးပေ။

သုတေသနပြုလုပ်ချက်များအရ ယင်းဗိုင်းရပ်စ်ပိုးများကို လေထုမှတစ်ဆင့် နို့တိုက်သတ္တဝါများအကြား ကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုးများအဖြစ် ပြောင်းလဲဖန်တီး၍ရကြောင်း၊ သို့ဖြစ်ရာ မျိုးရိုးဗီဇအပြောင်းအလဲငါးရပ်ဖြစ်ပေါ်ရုံမျှဖြင့် လူတစ်ဦးမှတစ်ဦးထံ ကူးစက်နိုင်မည့်အလားအလာရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးများ၏ မျိုးဗီဇအပြောင်းအလဲများသည် သဘာဝအလျောက်ဆင့်ကဲ ဖြစ်ပေါ်နိုင်ဖွယ်ရှိ၊ မရှိကို မသိရသေးပေ။

သို့ရာတွင် ဓာတ်ခွဲခန်းအတွင်း မွေးမြူ၍ စမ်းသပ်မှုများပြုလုပ်နေသော ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးများ၌ တွေ့ရှိခဲ့ရသည့် မျိုးဗီဇအပြောင်းအလဲနှစ်ရပ်ကို ပြင်ပရှိဗိုင်းရပ်စ်ပိုးများတွင်လည်း သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။

မျိုးဗီဇအပြောင်းအလဲ နှစ်ရပ်ဖြစ်ပေါ်နေသော ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးများကို ငှက်သတ္တဝါများ၌ တွေ့ရှိနေရပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယင်းဗိုင်းရပ်စ်များ လေထုမှတစ်ဆင့် လူသားများထံ ကူးစက်နိုင်သော ဗိုင်းရပ်စ်ပိုးများအဖြစ် ဆင့်ကဲပြောင်းလဲနိုင်ရန် မျိုးဗီဇအပြောင်းအလဲ သုံးရပ်သာလိုအပ်တော့ကြောင်း ကိန်းဘရစ်တက္ကသိုလ်မှ ပညာရှင်များက ပြောကြားသည်။

ယူပီအိုင်။

မွေးမြူရေးခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး ကူးစက်မှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးနေစဉ်။

✻ ကျောဖုံးမှ

ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံတော်က အားကိုးရမည့် ပညာ၊ နည်းပညာ တတ်မြောက်မှုမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အနေဖြင့် ယခင်နှစ်က လုပ်ငန်းတာဝန်(၁၂)ရပ် ချမှတ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့ခဲ့ရာတွင် ခြုံငုံသုံးသပ်ပါက အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကိုလည်း ယခင်နှစ်ကထက် ပိုမိုအောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ Reform Strategy နှင့်အညီ မိမိတို့နယ်ကြီးဌာနက ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အလားတူ ကျန်လုပ်ငန်းဌာနများအနေဖြင့်လည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ရာ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ် ရရှိကြသည့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော်ပုံနှိပ်စက်ရုံနှင့် ကဏ္ဍအလိုက် ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဌာနခွဲခြောက်ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော စံပြဝန်ထမ်းများ၊ ပုံနှိပ်စက်ရုံခုနှစ်ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ဖျိုးရေးထူးချွန်ဆုရ ဝန်ထမ်းများအား ထူးချွန်ဆုများချီးမြှင့်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် မတည်ငွေများကို ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူး ရရှိသူသုံးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆ ဦး စုစုပေါင်း ထူးချွန်ဆုရ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၄၀ အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၃၃၀၀၀၀ ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ မူလတန်း ၁၀၅၃ ဦး၊ အလယ်တန်း ၈၄၃ ဦး၊ အထက်တန်း ၅၅၇ ဦး၊ တက္ကသိုလ်/ကောလိပ်/သိပ္ပံ ၆၄၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၉၄ ဦးတို့အတွက် ထောက်ပံ့မှု ငွေကျပ် ၉၄၉၃၀၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၂,၂၇၀၀၀ ချီးမြှင့်ခဲ့ပြီး ကျောင်းသုံးဗလာစာအုပ် ၅၉,၂၀ ဒါဇင်၊ ပြည်ထောင်စုဝန်ကြီးက ဗလာစာအုပ် ၇၀၂ ဒသမ ၅ ဒါဇင် စုစုပေါင်း ဗလာစာအုပ် ၆၆,၂၃ ဒသမ ၅ ဒါဇင် ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်ကြား ရေ ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုနှင်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက် ဘာ သာ ဂုဏ် ထူး ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦး အား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ တပ်မတော်သားမှ

မွန်ပြည်နယ်လွှတ်တော်

(၃)	ကြည်း ၂၉၄၀၈	(အစား)	ကြည်း ၂၈၀၃၄
	ဗိုလ်မှူးဇော်ထက်		ဗိုလ်မှူးဇော်လင်းအောင်

ရိုခိုင်ပြည်နယ်လွှတ်တော်

(၄)	ကြည်း ၂၅၅၅၀	(အစား)	ကြည်း ၂၈၃၇၅
	ဗိုလ်ကြီးသိန်းထွန်းဦး		ဗိုလ်မှူးအောင်ဇင်သန်း

အပိန့်အရ

(ဝင်းကို)

အတွင်းရေးမှူး

ပြည်ထောင်စုဌာနေကောက်ပွဲကော်မရှင်

✪ အမေရိကန်နိုင်ငံမှထုတ်လုပ်သောမှ

ယနေ့နံနက် ၈ နာရီတွင် ပင်လယ်ရေကြောင်းခရီးစဉ် အမှတ်(၁၈၁) MOROTAI သင်္ဘောဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ မြန်မာစက်မှုဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့ကြောင်း၊ ယင်းမီးစက်ခြောက်လုံးအား ကရိန်းယာဉ်များ အသုံးပြု၍ ကွန်တိန်နာအတွင်းမှ ထုတ်ယူစစ်ဆေးပြီး သီးခြားမော်တော်ယာဉ်များပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ နှစ်လုံး၊ ပုံရွာမြို့သို့ တစ်လုံး၊ ပြည်မြို့သို့ တစ်လုံး ပို့ဆောင်ခဲ့ကြောင်းနှင့် ကျန်ရှိသော နှစ်လုံးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အသုံးပြုရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်အခမ်းအနား ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းအနီး ကျင်းပ

ရန်ကုန် ဒွန် ၂၂

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ "မြန်မာအမျိုးသမီးများနေ့" ဆိုင်းဘုတ်တင်အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဦးထောင်ဘိုအဝိုင်းအနီး၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများ ဖြစ်ကြသော ဒေါ်သင်းသင်းမြ၊ ဒေါ်ခင်အေးနွယ်နှင့် အဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်ခင်သက်ငွေးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၃၅၀ တက်ရောက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလုပ်ငန်းများ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၌ One Stop Service ဖြင့် ဆောင်ရွက်

မန္တလေး ဒွန် ၂၂

မန္တလေးမြို့ နယ်နိမိတ်အတွင်း နေထိုင်သောပြည်သူများ စည်ပင်သာယာနှင့်ပတ်သက်သော လုပ်ငန်းများ တစ်နေ့ရာတည်းတွင် အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ၂၀၁၂ ခုနှစ်ဇွန် ၁၂ ရက်မှစ၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်လိုပါက အောင်မြေသာစံ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး (၂၂)လမ်း၊ (၈၇)လမ်းနှင့် (၈၈)လမ်းကြား ဖုန်း-၀၂-၃၆၁၃၇၊ ချမ်းအေးသာစံ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး လမ်း (၃၀)နှင့် (၃၁)လမ်းကြား၊ (၇၂) လမ်းနှင့် (၇၃)လမ်းကြား၊ မင်္ဂလာဈေး (၃တိယထပ်) ဖုန်း-၀၂-၃၆၁၃၈၊ မဟာအောင်မြေမြိုနယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး (၇၅)လမ်းနှင့် (၃၆) လမ်းကြား၊ လမ်း(၇၀)နှင့် (၇၁) လမ်းကြား၊ မဟာနွယ်ပင်အားကစားကွင်း ဖုန်း-၀၂-၇၇၉၀၃၊ ချမ်းမြသာစည်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး သိပ္ပံလမ်း၊ ရေပေးရေး ဝိုင်ဒေါ်ဝင်း ဖုန်း-၀၂-၃၆၁၅၁၊ မြည်ကြီးတံခွန်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ကျွဲဆည်ကန်ပွဲရုံတန်း (၃)လမ်းထိပ် ဖုန်း-၀၂-စဝ၆၀၃ နှင့် အမရပူရမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး စစ်ကိုင်း-မန္တလေးလမ်း၊ ရုံးပေါင်းစုဝင်း အတွင်း ဖုန်း-၀၂-၅၅၉၆၅ တို့သို့ ဆက်သွယ်နိုင်သည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန်ခွဲမှုဆိုင်ရာလုပ်ငန်းများအား မြို့တော်စည်ပင်သာယာရေး ကော်မတီ ရုံးခွဲ၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၆၅၃)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၃-၆-၂၀၁၂ (စနေနေ့)

၅၄၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ 'The Sign of Love' (အချစ်သင်္ကေတ)(အပိုင်း-၁၅)
၅၅၅	ဝိဒိယိုပြန်း
၆၅၅	**MRTV-4 ရွတ်ဆတ်လမ်းတွဲ "အမြူးရောင်တိမ်တိုက်လေး" (အပိုင်း-၆၂)**
၇:၄၀	မယ်ဖွင်ဝေရာတကယ့်ကမ္ဘာ
၈:၃၀	"သာဘင့်ဥယျောင် ဝမ်းတိုင်ဦးဘိုးဝိန်နှစ်(၁၃၀)ပြည့်အထိမ်းအမှတ် သာဘင်အနုပညာဖျော်ဖြေခြင်း" (Day-1)
၈:၃၀	**MRTV-4 ရွတ်ဆတ်လမ်းတွဲ "ဘဝအားမာန်"(အပိုင်း-၇၆)**
၉:၅၀	**MRTV-4 ရွတ်ဆတ်လမ်းတွဲ "ထာဝရချစ်သူ"(အပိုင်း-၁၆)**
၁:၄၅	Man And The Elephant (Part-1)
၂:၅၅	Golden Minute
၂:၅၅	Kid's Show

လောင်စာသုံးစွဲမှုသက်သာသည့် မီးဖိုများအသုံးပြုမှုပိုများလာ

ရေတာရှည် ဒွန် ၂၂

ကျေးလက်ဒေသများတွင် နေ့စဉ်လောင်စာထင်းမီးသွေးသုံးစွဲမှု များပြားလျက်ရှိ၍ သစ်တောများပြုန်းတီးခြင်းကို ဖြစ်ပေါ်စေပြီး တစ်စထက်တစ်စ လောင်စာထင်းရှားပါးမှုကြောင့် ယခုအခါ ထင်းသုံးစွဲမှုသက်သာသည့် မီးဖိုများအသုံးတွင် ကျယ်လျက်ရှိသည်ကို တွေ့ရသည်။ ဘိလပ်မြေ၊ သဲ၊ ထုံး အစရှိသည်တို့ကို လေဝင်လေထွက်ကောင်းမွန်ပြီး အပူခိုန်မြင့်တက်အောင် ပြုလုပ်ထားသည့် ထင်းတစ်ချောင်း မီးဖိုများကို မွန်ပြည်နယ် သံဖြူရေပတ်မြို့နှင့် ဒေသတစ်ခွင်၌ အသုံးပြုလျက်ရှိသည့်နည်းကို လက်ဆင့်ကမ်းသယ်ဆောင်၍ ယခုအခါ ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် အဆိုပါထင်းတစ်ချောင်းမီးဖိုများကို **(၀ပုံ)** ပိုမိုအသုံးပြုလျက်ရှိသည့် အတွက် လောင်စာထင်းကုန်ကျမှုသက်သာ၍ ရေရည်တွင် သဘာဝသစ်တောများမှ သစ်တောပျက်စီးဆုံးရှုံးမှုများကို များစွာသက်သာမေမည်ဖြစ်ကြောင်း သိရသည်။ (၅၇၈)

ရန်ကုန်မြို့ ပဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်တွင်နေ ကိုသောင်းကြည်၏ (၄၀)နှစ်မြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားရိပ်သာထာဝရ အထွေထွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှူဆောင်အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဒ္ဓါ ပညာဖြင့် ဘယာကင်းစေ

ရတနာစည်ဆရာတော်(လှိုင်လင်)

သဒ္ဓါ

သဒ္ဓါသည် ယုံခြင်းဖြစ်၏။ ဘုရားကိုယုံ၊ တရားကိုယုံ၊ သံဃာကိုယုံ၊ ကံကိုယုံ၊ ရွေ့လျားမှု(အနိစ္စသဘာဝ)ကို ယုံခြင်းများ. . . အစိုးရကိုယုံ၊ လွှတ်တော်ကိုယုံ၊ ပါတီကိုယုံ၊ အဖွဲ့အစည်းကိုယုံ၊ ပြည်သူကိုယုံခြင်းများ၊ သားကိုယုံ၊ သမီးကိုယုံ၊ တပည့်ကိုယုံ၊ မန်နေဂျာကိုယုံ၊ ကန်ထရိုက်တာကိုယုံခြင်းများ စသည်ဖြင့် ဘဝနှင့်ယှဉ်သော ယုံခြင်းများ။

ယုံခြင်းသည် ရက်ရောခြင်းကို ထပ်ဆင့်ဖြစ်စေသောကြောင့် သားကိုယုံလျှင် သားအပေါ် ရက်ရောခြင်း စသည်သာမက ရက်ရက်ရောရော လှူဒါန်းတတ်သူများကို "သဒ္ဓါတရား ကောင်းလိုက်တာ" ဟု ချီးမွမ်းတတ်ခြင်းများအထိ ကျယ်ပြန့်ပါသည်။

ယင်းသို့ယုံရာဝယ် အထင်ယုံ၊ အမြင်ယုံ၊ အမှန်ယုံ၊ အမှားယုံ၊ ခိုင်မြဲယုံ၊ ယိုင်လဲယုံ၊ စွဲမြဲယုံ၊ ပြောင်းလဲယုံစသည် စသည်ယုံလေ့ရှိရာ အနှစ်ချုပ်ဆိုရလျှင် အမှန်ယုံနိုင်မှသာ ကောင်းကျိုးချမ်းသာပွားမည်ဖြစ်၍ အမှန်ယုံနိုင်ဖို့ ယုံခြင်းသဒ္ဓါကို အသိပညာနှင့် ပေါင်းပေးရပါမည်။

ပညာ

"ပ=ခွဲခြမ်းစိတ်ဖြာ၍ +ညာ=သိမြင်ခြင်း"သည် ပညာဖြစ်ပါ၏။ ပညာသည် မှတ်သားခြင်းသညာထက် ပိုမြင့်၏။ သညာက ဖခင်ကို ဖခင်ဟုစိတ်ထဲ စွဲမြဲမှတ်သားထားခြင်းမျိုးဖြစ်ပြီး ပညာကသော်မူ ဖခင်၏ ကျေးဇူးဂုဏ်ကိုပါ သိမြင်တတ်ခြင်းအထိ မြင့်မြင့်မားမား မြင်နိုင်စွမ်းမျိုး ဖြစ်ပါသည်။ မှတ်သားခြင်းသညာအားလျော်စွာ ယုံခြင်းသဒ္ဓါက ယုံတတ်ပြီး အယုံမမှားစေရန်အတွက်သော်မူ ပညာက ဦးစီးရှေ့ဆောင်ပါသည်။

ဖခင်ကို ဖခင်ဟု ယုံခြင်းသည် မမှား၊ သို့သော် (ဆိုပါရစေ) ပထွေးကို ဖခင်ဟု ယုံနေခြင်းကား မှား၏။ ပထွေးကို ဖခင်ဟု အယုံမမှားဖို့ ပညာက ပိုင်းခြားပေးပါသည်။

ဘယာ

ဘယာသည် ဘေးရန်အန္တရာယ်ကို ဆို၏။ ဖြစ်နိုင်ခြေကို တင်ကြိုမျှော်မှန်းနိုင်သည် ဖြစ်စေ၊ မမျှော်မှန်းနိုင်သည် ဖြစ်စေ ဖြစ်ပွားလာသော ထိတ်လန့်ဖွယ်၊ တုန်လှုပ်ဖွယ်၊ ကြောက်လန့်ဖွယ်ဟူသမျှသည် ဘယ=ဘေး မည်ပါ၏။ မီးဘေး၊ ရေဘေး၊ လေဘေး၊ ရာသီဥတုဖောက်ပြန်မှုဘေး စသည့် ပကတိဘေးများ၊ သက်ရှိသတ္တဝါများကြောင့် ဖြစ်ပွားသည့် ဝိကတိဘေးများဟု ဘေးနှစ်မျိုးအနှစ်ချုပ်ရှိပါသည်။

မီးဘေး ရေဘေးစသော ပကတိဘေးများ ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်မျိုးတွင် ခံစားရသူများရော၊ ပတ်ဝန်းကျင် မြင်ရကြားရသူများပါ ယင်းဘေးမှ လွတ်မြောက်အောင် ဆောင်ရွက်ကြရာ၌ တညီတညွတ်တည်း ရှိကြသလောက် ဝိကတိဘေးနှင့် ပတ်သက်လျှင်မူ တစ်ယောက်တစ်ပေါက် ဖြစ်တတ်ကြသည်မှာ လူ့သဘာဝဟုပင် ဆိုရမလိုဖြစ်နေ၏။

သာဓကအဖြစ် ပကတိ (သဘာဝ)ဘေးများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသည်တို့၌ ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်းဘေး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးစသည်တို့တွင် ယင်းဒေသမျှသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပါ တညီတညွတ်တည်း ဘယာကင်းအောင် အားတင်းမာန်ပြည့် ဖြည့်ပေးနိုင်ခဲ့ကြခြင်းနှင့် ဝိကတိ (လူလုပ်) ဘေးများဖြစ်သော ယနေ့ ဆီးရီးယား၊ ကဒါဖီအလွန် လစ်ဗျား၊ မူဘာရက်အလွန် အီဂျစ် စသည်တို့၌သော်မူ ဘယာကင်းအောင် တညီတညွတ်တည်း မစွမ်းဆောင်နိုင်ကြဘဲ အကွဲကွဲအပြားပြား တစ်ယောက်တစ်ပေါက်ဖြစ်နေရင်း တစ်ရက်ပြီးတစ်ရက် ဘေးတွေက တစ်ဆက်ပြီး တစ်ဆက်ဖြစ်နေခြင်း. . . ဖြစ်နေခြင်းများ။

အကုသိုလ်ဇောတွေ

မကြာမတင်ကာလက မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် မမျှော်လင့်မထင်မှတ်လောက်အောင် ဝိကတိ(လူလုပ်) ဘေးတစ်ခု ဖြစ်ပေါ်လာခဲ့ရာဝယ် အကြောင်းအရင်းကို ခမ္မမိဋ္ဌာန်ကျကျ ပိုင်းခြားစိတ်ဖြာကြည့်လျှင် လူ့အသိပျောက်စေသည့် လောဘ၊ တဏှာ၊ ဒေါသ၊ မောဟဇောများ စောခြင်း၊ ပြန်လည်တုံ့ပြန်မှုဟူသော ဒေါသဇော၊ ယင်းသို့ တုံ့ပြန်အောင် လျင်မြန်စွာ လှုံ့ဆော်ပေးသော မောဟဇောများ စောခြင်းတို့ကြောင့် အကုသိုလ်ဇော လောင်မီးက လူ့အသက်၊ လူ့စည်းစိမ်၊ လူ့အိုးအိမ်တွေကို လောင်ကျွမ်းသွားစေခြင်း ဖြစ်ကြောင်း တွေ့ရှိရ၏။

ပုဂ္ဂလအကုသိုလ်ဇောတွေမှတစ်ဆင့် မုန်းတီးမှု၊ လက်စားချေလိုမှုဟူသော အကုသိုလ်ဇောတွေ ပြင်းထန်ကျယ်ပြန့် ဖြစ်ပွားလာခြင်းဖြစ်ကြောင်း တွေ့မြင်ရပါသည်။

နိုင်ငံတော်သမ္မတ၏ မေတ္တာရပ်ခံချက်

ဤတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်မှာ ရုပ်သံမီဒီယာများမှတစ်ဆင့် ပြောကြားခဲ့ရာဝယ် "ဖြစ်ခဲ့ပြီးသော ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သလို နောင်မဖြစ်ပွားအောင် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ဆုံးရှုံးနစ်နာရသူများအတွက်လည်း တရားမျှတမှုရှိအောင် အလေးထားဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစား အဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖပြည်သူများနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း " ကတိပြုပြောကြားလျက်-

၁။ ပြည်သူအားလုံး မျှော်မှန်းတည်ဆောက်နေကြသည့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များသည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊

၂။ ယင်းသို့ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၌သာ တာဝန်ရှိခြင်းမဟုတ်မူဘဲ ပြည်သူများအပိုင်းကလည်း အသိတရားနှင့်ယှဉ်ကာ ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုအပ်ပါကြောင်း၊

၃။ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် မီဒီယာ (မီဒီယာအားလုံး) များကပါ အသိတရား၊ သတိတရားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ထောက်ပြရင်း "သတိတရားကို အခြေခံ၊ အသိတရားနှင့် မေတ္တာတရား ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်း ဖော်ဆောင်ပေးကြဖို့" မေတ္တာရပ်ခံပန်ကြားခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး

ယင်းနည်းတူပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီးကလည်း"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူပြည်သားအပေါင်းတို့" ဟုအစချီကာ ဩဝါဒကထာ ချီးမြှင့်ရာဝယ် "ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အနေဖြင့် မိမိတို့မျှော်မှန်းခဲ့ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော လောကီအရေးအရာကိစ္စများတွင် အခြေအနေကောင်းသို့ ဖန်တီးနေချိန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့သက်ဝင်ယုံကြည်ရာ ဘာသာအသီးသီး တိုးတက်ထွန်းကား ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည့်အရေး မျှော်မှန်းလျက် တက်ကြွရွှင်လန်း ဝမ်းမြောက်နေကြသည့် အချိန်ကာလဖြစ်ပေသည်" ဟု တစ်နှစ်ခွဲကျော်ကာလ အစိုးရသစ်လက်ထက်အချိန်ကို ရည်ညွှန်းရင်း ဤအချိန်ကာလမျိုးတွင် တက်ကြွရွှင်လန်းဝမ်းမြောက်မှုအစား ပျော့ကျညှိုးနွမ်းလန့်ကြောက်မှုများ ဖြစ်ပွားမလာအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် "မတော်တဆဖြစ်ပွားလာသော ပဋိပက္ခအမှုကို တန်ပြန်လက်စားချေလိုသည့်သဘောဖြင့် မဖြေရှင်းဘဲ အကြောင်းအကျိုး၊ အဆိုးအကောင်းကို ပညာဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားကာ မေတ္တာဖြင့် ဖြေရှင်းကြရန်" လမ်းညွှန်တော်မူပြီး အောက်ပါအတိုင်း ဩဝါဒနိဂုံး ကမ္ပတ်ဖုံးတော်မူပါသည်။

"ပြည်သူပြည်သား ဘာသာဝင်ရဟန်းရှင်လူများတို့သည် မိမိတို့၏ စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့်ငြိမ်းချမ်းရေးအသိတရား၊ မေတ္တာရေစင်ဖြင့် အတူတကွ သွန်းလောင်းကြလျက် တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက် သာရဏီယ ဩဝါဒတရား ချီးမြှင့်လိုက်ပါသတည်း"။

ကုသိုလ်မှတ်တိုင်

ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အတွင်း အကုသိုလ်ဇောဖြစ်စဉ်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ညင်သာစွာနှင့် ထင်သာမြင်သာစွာ စီမံမှု၊ ဘာသာရေးဦးဆောင်တို့၏ မေတ္တာနှင့်ပညာ ကြီးမားစွာထား၍ လမ်းညွှန်မှု၊ စေတနာရှင်ပြည်သူတို့၏ သဒ္ဓါနှင့် ပညာဖြင့် ဝိုင်းဝန်းပံ့ပိုးမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အမြင်မှန်ပညာဖြင့် ကူညီဖေးမမှုတို့ကား ဒုက္ခရောက်ကြရသည့် ဒေသခံများသာမက တစ်နိုင်ငံလုံးရှိ နိုင်ငံချစ်ပြည်သူအပေါင်းတို့ကပါ ထာဝရကျေးဇူးတင်ရှိနေမည့် ကုသိုလ်မှတ်တိုင်ကြီး ဖြစ်ပါတော့သည်။

ဘယာကင်းစေ

ဒေါသကို ဒေါသဖြင့် တုံ့ပြန်နေသမျှ၊ ဒေါသကို ဒေါသဖြင့် တုံ့ပြန်အောင် ရှေ့ဆောင်နေသည့် မောဟနောက်သို့ လိုက်နေသမျှ လောကသည် မတည်ငြိမ်နိုင်၊ မငြိမ်းချမ်းနိုင်။ ဒေါသကို မေတ္တာဖြင့် တုံ့ပြန်နိုင်မှ၊ ဒေါသကို မေတ္တာဖြင့် တုံ့ပြန်နိုင်အောင် ရှေ့ဆောင်နေသည့် ပညာဉာဏ် ဆင်ခြင်တုံတရားနောက်သို့ လိုက်နိုင်မှသာ လောကသည် တည်ငြိမ်မည်၊ အေးချမ်းမည်။

သဒ္ဓါ ပညာဖြင့်သာ ဘယာကင်းစေပါလိမ့်မည်။ ။

ရမည်းသင်းမြို့ သစ်တောဦးစီးဌာနမှ စပါးအုံးမြွေကြီးတစ်ကောင် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မန္တလေးသို့ လှူဒါန်း

ရမည်းသင်း ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ သစ်တောဦးစီးဌာနသို့ ဒေသခံပြည်သူများ လာရောက်အပ်နှံသော စပါးအုံး မြွေကြီးတစ်ကောင်အား သစ်တောအုပ်ကြီး ဦးစောအောင်ဒွေး၊ တောခေါင်း ဦးဝေယံဝင်းထွန်းတို့က တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မန္တလေးသို့ ဇွန် ၁၈ ရက်က သွားရောက်လှူဒါန်းခဲ့သည်ဟု သိရသည်။

ယင်းစပါးအုံးမြွေကြီး **(ယာပုံ)**မှာ အရှည် ၁၂ ပေ ၁၀ လက်မ၊ လုံးပတ် ၁၅ လက်မရှိသည်ဟု သိရပြီး ရမည်းသင်းမြို့နယ် ချောင်းဖျားရွာ အရှေ့ဘက် ၄ ဖာလုံခန့်အကွာတွင် ဇွန် ၁၆ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ (၆၅၄)

ယာဉ်တိုက်မှုလျော့နည်းစေရေး ယာဉ်လုပ်သားများအား စိတ်ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်လုပ်သားများအား သင်တန်းများပေးခြင်း၊ လုပ်ငန်းတာဝန်ပေးရာတွင် စိတ်ပညာအရ လုပ်ငန်းတာဝန်နှင့် ကိုက်ညီမှု ရှိ၊ မရှိ သိရှိသတ်မှတ်ပေးနိုင်ရန် စိတ်ပညာကျွမ်းကျင်သူများဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

စိတ်ကျန်းမာရေးစစ်ဆေးမှုများကို ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းအထိ (၃၃)ကြိမ် ဆောင်ရွက်ပြီးဖြစ်သည်။ ဆောင်ရွက်ပြီးချိန်အထိ ယာဉ်မောင်း ၂၆၃၇ ဦး၊ ယာဉ်နောက်လိုက် ၄၈၁၁ ဦး စုစုပေါင်း ယာဉ်လုပ်သား ၇၄၄၈ ဦးတို့အား ရေးဖြေ/နှုတ်ဖြေ စစ်ဆေးပြီးဖြစ်သည်။

ယင်းသို့ ရေးဖြေ/နှုတ်ဖြေ စစ်ဆေးပြီးသူများအနက် (အေ)အဆင့် ဖြေဆိုအောင်မြင်သူ ယာဉ်မောင်း ၂၄၁၄ ဦး၊ ယာဉ်နောက်လိုက် ၄၂၄၃ ဦး၊ (ဘီ) အဆင့် ဆိုင်းငံ့-နောက်တစ်ကြိမ် ထပ်မံဖြေဆိုရန် ယာဉ်မောင်း ၁၅၁ ဦး၊ ယာဉ်နောက်လိုက် ၄၃၅ ဦးနှင့် (စီ) အဆင့် ခြောက်လပြည့်ပါက ထပ်မံဖြေဆိုရန် ယာဉ်မောင်း ၇၂ ဦး၊ ယာဉ်နောက်လိုက် ၁၃၃ ဦးတို့ရှိကြောင်း သိရသည်။

စိတ်ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ် စိတ်ပညာဌာနတို့မှ ပါမောက္ခများ၊ ဆရာဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား (၃၄) ကြိမ်မြောက် စိတ်ကျန်းမာရေးဆိုင်ရာ ရေးဖြေ/နှုတ်ဖြေစစ်ဆေးမှုကို ယခု ဇွန် ၁၂ ရက်တွင် ပြုလုပ်ခဲ့ရာ ယာဉ်မောင်း ၄၃ ဦး၊ ယာဉ်နောက်လိုက် ၉၄ ဦး စုစုပေါင်း ယာဉ်လုပ်သား ၁၃၇ ဦး အစစ်ဆေးခံခဲ့ကြသည်။

"စိတ်ကျန်းမာရေးစစ်ဆေးပြီး အောင်မြင်မှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် လုပ်ငန်းတာဝန်ကို ပေးအပ်တာဟာ အင်မတန်မှ မှန်ကန်တဲ့လုပ်ရပ်ပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပါမှ ယာဉ်လုပ်သားများအတွက်ရော ခရီးသွားများအတွက်ပါ ယာဉ်တိုက်ခိုက်မှုအန္တရာယ် လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ခရီးသွားနှင့် ယာဉ်လုပ်သားများရဲ့ ဆက်ဆံရေးမှာလည်း ပိုမိုအဆင်ပြေလာမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုလုပ်ရပ်ကို အထူးတလည် ကြိုဆိုပါတယ်" ဟု ခရီးသွားဖော်တစ်ဦးက သုံးသပ်ပြောဆိုသည်။

(နိုင်ချစ်)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက်ရှိ အထက (၃) ၌ ကျင်းပစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

ရေစကြိုမြို့တွင် ခြောက်ရက်အကြာ မီးပြန်လာ

ရေစကြို ဇွန် ၂၂

ရေစကြိုမြို့နယ် ပခန်းကြီးဓာတ်အားခွဲရုံတွင် ဇွန် ၁၁ ရက် နံနက်က (5 MVA) ထရန်စဖော်မာမှ ၁၁ ကေဗွီ မိန်းကေဘယ်လ် အပူလွန်ပြီး ဝါယာရှော့ဖြစ်ကာ မီးလောင်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့သည်။

တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးပမ်းစီမံဆောင်ရွက်မှုများကြောင့် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် ထရန်စဖော်မာအသစ်ရောက်ရှိပြီး လိုအပ်သည့်ပစ္စည်းများ အစားထိုး လဲလှယ်တပ်ဆင်ခြင်း စမ်းသပ်မှု၊ စစ်ဆေးမှုများနှင့် တပ်ဆင်မှုများကို နေပြည်တော်(ရုံးချုပ်)မှ ပညာရှင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ကျွမ်းကျင်သူများ ပူးပေါင်း၍ သုံးရက်တိုင်တိုင် နေ့၊ ညမနား ဆောင်ရွက်ပေးမှုကြောင့် ဇွန် ၁၆ ရက် ည ၁၁ နာရီမှစ၍ ရေစကြိုမြို့တွင် လျှပ်စစ်မီးလင်းပြီဖြစ်သည်။

ထို့အတူ လျှပ်စစ်မြစ်ရေတင် ငါးခု၏ ရေသောက်ဧရိယာတွင် စိုက်ပျိုးထားသော အောင်ရေလိုအပ်သည့် အချို့သော စပါးခင်းများအတွက်လည်း လိုအပ်သော ရေ အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရှိရသည်။

(၃၇၄)

ငါးရစ်တစ်ကောင်
သုံးလရှောင်
ထောင်သောင်း
တိုးပွား
ရေရှည်စား

မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စက်စက်ယိုချောင်းအား မြေတူးစက်ကြီးဖြင့် တူးဖော်ရှင်းလင်း

တောင်တွင်းကြီး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၏ ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ဧကပြည့်မီကျော်လွန်ရေး၊ အချိန်မီ ထွန်ယက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်း၏ ကြီးကြပ်မှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်တို့ ဦးဆောင်၍ ကန်တော်ကြီးဆည်ရေသောက်စက်စက်ယိုချောင်းအတွင်းရှိ သဲနုန်းများ၊ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများကို ဇွန် ၂၀ ရက်က မြေတူးစက်ကြီးဖြင့် တူးဖော်ရှင်းလင်းခဲ့ကြောင်း သိရသည်။ (၅၈၀)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေး၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် မန္တလေးမြို့အမှတ်(၃၈)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းဝတ်စုံ၊ ကျောင်းစရိတ်နှင့် စာရေးကိရိယာများ မန္တလေးတိုင်းဒေသကြီး၌ လှူဒါန်း

နေပြည်တော် ဇွန် ၂၂

မောင်မောင်စီ(စည်သူမြန်မာ) ပညာရေးဖောင်ဒေးရှင်းက ကျောင်းဝတ်စုံ၊ ကျောင်းစရိတ်၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း ဌေးသန်းမြင့်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးစိုးမြင့် ထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် မောင်မောင်စီ(စည်သူမြန်မာ) ပညာရေးဖောင်ဒေးရှင်းမှ ဒေါ်စန်းစန်းဦးတို့က အမှတ်(၃၈) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးနှင့် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၂ ဦး စုစုပေါင်း ၄၈ ဦးတို့အတွက် ငွေကျပ် ၁၀၅၁၂၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ကျောင်းစရိတ်၊ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ၊ ဖိနပ်နှင့် လွယ်အိတ်များ၊ အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်း လျှပ်စစ်မီတာတပ်ဆင်ရန် ငွေကျပ် ၂၅၀၀၀၀၊ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း မျက်နှာကြက်အတွက် ငွေကျပ်တစ်သိန်းနှင့် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း သန့်စင်ခန်းနှစ်လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၇၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၂

ယနေ့ နံနက် ၉ နာရီ ၅၂ မိနစ် ၂၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကွန်ဟိန်းမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ်အတွင်းတွင် နွေစပါးများ ရိတ်သိမ်းခြွေလှေ့လျက်ရှိ

ရမည်းသင်း ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများမှာ နွေစပါးများ ရိတ်သိမ်းခြွေလှေ့လျက်ရှိသည်ကို တွေ့ရသည်။**(ဝဲပုံ)**

ကျိုးနီကန်ရေသောက်သင်ပန်းကုန်းကွင်းအတွင်းရှိ စပါးစိုက်တောင်သူများမှာ ပုလဲသွယ်၊ ဆင်းသုခနှင့် ရက် ၉၀ စပါးတို့ကိုသာ စိုက်ပျိုးကြသည်ဟု သိရသည်။

ယခုနှစ်နွေစပါးစိုက်ပျိုးရာတွင် ရာသီဥတုနှင့် ရေရရှိမှုမျှတသောကြောင့် တစ်ဧက လျှင် ဆင်းသုခစပါး ၁၃၅ တင်းထွက်ရှိပြီး ပုလဲသွယ်စပါးမျိုးမှာ တစ်ဧက ၁၆၅ တင်းဝန်းကျင်ထွက်ရှိသည်ဟု သိရသည်။

နွေစပါးမှာ မိုးတွင်းကာလတွင်ရိတ်သိမ်းရသည့်အတွက် စပါးစိုက်တောင်သူများမှာ စပါးရိတ်သိမ်းပြီးပါက တစ်ဆက်တည်း စက်များဖြင့် ခြွေလှေ့ကြရသည်ဟု သိရသည်။ ယခုနှစ်တွင် စပါးဖြစ်ထွန်းထွက်ရှိမှုကောင်းသည်ဟုသိရပြီး ခြွေလှေ့ပြီးစပါးများကို နေလှန်းပြီးမှသိမ်းဆည်းကြရသည်ဟု သိရသည်။ နွေစပါးရိတ်သိမ်းအပြီး မိုးစပါးစိုက်ပျိုးရန်အတွက်ကိုလည်း စပါးပျိုးထောင်ခြင်း၊ လယ်ယာမြေများ ထွန်ရေးပြင်ဆင်ခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားကြသည်ဟု သိရသည်။ (၆၅၄)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

နိုင်ငံတကာအနုပညာရပ်ဝန်း — အေဝမ်းစိုး

ဂျူလီယာရောဘတ်၏တူမ အမ်မာရောဘတ်၏ ကောက်ကြောင်းများ

အမ်မာရောဘတ်ကို ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မွေးဖွားခဲ့ပြီး ယခုအခါ အမေရိကန်ရုပ်ရှင်လောကတွင် သရုပ်ဆောင်၊ မော်ဒယ်လ်နှင့် အဆိုတော်အဖြစ် လှုပ်ရှားနေသူဖြစ်သည်။ အမ်မာရောဘတ်**(ယာပုံ)**သည် အနုပညာမျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးဖြစ်သည်။ ဖခင်မှာ အော်စကာဆု အမည်စာရင်းတင်သွင်းခံခဲ့ရသည့် အီရစ်ရောဘတ်ဖြစ်သကဲ့သို့ ဟောလိဝုဒ်နာမည်ကျော်မင်းသမီး ဂျူလီယာရောဘတ်၏ တူမလည်းဖြစ်သည်။ အမ်မာကလေးဘဝကတည်းက သူမိဘနှစ်ပါး ကွာရှင်းခဲ့ကြပြီး အမ်မာက မိခင်နှင့်အတူနေခဲ့ရသည်။ အားလပ်ချိန်များတွင် အဒေါ်ဖြစ်သူ ဂျူလီယာရောဘတ်နှင့် အနေများခဲ့သည့်အတွက် သရုပ်ဆောင်လောကသို့ ဝင်ရောက်ရန် အကြောင်းဖန်လာခဲ့သည်။

အမ်မာ၏ ပထမဆုံးရုပ်ရှင်ကားမှာ ၂၀၀၁ ခုနှစ်က Blow ဇာတ်ကားတွင် မင်းသားဂျွန်နီဒက်ပ်၏သမီးအဖြစ် သရုပ်ဆောင်ခဲ့သည်။အမ်မာသည်Unfobulous and More အမည်ရှိ တေးအယ်လ်ဘမ်တစ်ချပ်ကိုလည်း ထုတ်ဝေခဲ့သေးသည်။

အခြားရုပ်ရှင်ကားများအနေဖြင့် ၂၀၀၇ ခုနှစ်က Nancy Drew၊ ၂၀၀၈၊ ၂၀၀၉ ခုနှစ်များတွင် Wild Child၊ Lymelife၊ Hotel For Dogs ဇာတ်ကားနှင့် The Winning Seasonဇာတ်ကားတို့ဖြစ်သည်။

၂၀၁၀ ခုနှစ်က Valentine's Day ဇာတ်ကားတွင်လည်း ဂျူလီယာရောဘတ်နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။ အမ်မာသည် ၂၀၁၁ ခုနှစ်မှစ၍ နယူးယောက်မြို့ ဆာဟာလောရင့်ကောလိပ်တွင် အင်္ဂလိပ်စာပေကို လေ့လာလိုက်စားလျက်ရှိသည်။ ယခုနောက်ဆုံး သတင်းများအရ အမ်မာသည် Fifty Shades of Grey ဝတ္တုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးရာတွင် ပါဝင်သရုပ်ဆောင်မည်ဟု သတင်းများထွက်ပေါ်နေသည်။

အင်တာနက်။

မပြောမပြီး မတီးမမြည် — ဆုပြည့်

အမှိုက်ထဲက အမှိုက်တွေ

မနက်စောစောဈေးထဲသွားဝယ်၊ အိမ်ပြန်ရောက်ရင် သားငါးဆေးကြော၊ ဟင်းရွက်သင်။ မလိုအပ်တော့တဲ့ အညစ်အကြေး၊ အမှိုက်သရိုက်တွေကို အိတ်ထဲတည့်ထား။ ခဏကြာရင် ကျွန်မနေတဲ့လမ်းထဲကို 'ဂလိုင်. . ဂလိုင်'လို့ ခေါင်းလောင်းသံပေးပြီး လက်တွန်းဝင်လာတဲ့ အမှိုက်လှည်းလေးတွေမြင်ရပါပြီ။ အမှိုက်လှည်းက နှစ်စီးဆိုတော့ ရှေ့လှည်းမှာ အမှိုက်ပြည့်ရင် နောက်ကလှည်းထဲကို ထည့်ပေးလိုက်ရုံပဲ။ အိမ်ရဲ့ မီးဖိုချောင်နဲ့ အမှိုက်ပုံးထဲမှာ အမှိုက်မကျန်တော့ အနဲ့အသက်လည်းကောင်း၊ အိမ်မှာလည်း သန့်သန့်ရှင်းရှင်းဖြစ်လို့။ ဒါတင်မကသေးဘူး၊ ဒီခေါင်းလောင်းနဲ့ အမှိုက်လှည်းတွေမမီလည်း မနက်ပိုင်းမှာပဲ 'အစ်မရေ အမှိုက်ရှိလား'ဆိုတဲ့ မေးသံနဲ့အတူ အမှိုက်လှည်းတွန်းလာတဲ့ကလေးမလေး(စည်ပင်သာယာသန့်ရှင်းရေးဝန်ထမ်း)ရဲ့လှည်းလေး ရောက်လာပါလိမ့်မယ်။ ဒီလှည်းက မနက်တစ်ခါ၊ ညနေတစ်ခါပါ၊ လမ်းထဲကိုရောက်လာပြီး အမှိုက်တွေသယ်လေ့ရှိတယ်။ ဒါကြောင့် ကျွန်မနေတဲ့ လမ်းမတစ်လျှောက်မှာ သစ်ရွက်ကြွေတဲ့အမှိုက်ကအစ အမှိုက်လှည်းက လှည်းကျင်းသိမ်းသွားလို့ သန့်သန့်ရှင်းရှင်းဖြစ်နေပါတယ်။ ဒါကောင်းတဲ့ကိစ္စပဲလေ။

ကျွန်မတို့လမ်းမှာ ကိုယ်ပိုင်တိုက်တွေထက် ကန်ထရိုက်တိုက်လို့ခေါ်တဲ့ တိုက်ခန်းတွေက များပါတယ်။ စောစောက ကျွန်မရေးပြခဲ့သလို အမှိုက်လှည်းတွေက တစ်နေ့ကို တစ်ခေါက်မက လာသိမ်းတတ်တော့ အမှိုက်စွန့်ပစ်ချင်သူတွေအတွက် အဆင်ပြေလှပါတယ်။ ဒါပေမယ့်. . . ဒါပေမယ့်ပေါ့၊ လောကကြီးမှာ အဖြူနဲ့အမည်း၊ အလင်းနဲ့ အမှောင်၊ အမြင့်နဲ့အနိမ့်ရှိတတ်သလို ကောင်းခြင်း ဆိုးခြင်းဆိုတာကလည်း ဒွန်တွဲနေတတ်တာပဲ မဟုတ်လား။ တိုက်ရှေ့ပိုင်းမှာ အမှိုက်ရှင်းလင်းတတ်သလောက် ကျွန်မတို့လမ်းရဲ့ အနောက်ဘက် နောက်ဖေးလမ်းကြားထဲကို စည်းကမ်းမရှိဘဲ အမှိုက်စွန့်ပစ်တတ်ကြတာကတော့ စိတ်ပျက်စရာပါ။ မနက်စောစော ဝေလီဝေလင်းအချိန်နဲ့ ညကြီးမိုးချုပ်အချိန်တွေမှာ 'ဗုန်း. . . ဘုတ်'ဆိုတဲ့ အမှိုက်ထုပ်ပစ်ချသံ၊ ဗွမ်းဆိုတဲ့ ရေသွန်ချသံတွေကတော့ လမ်းကြားထဲကျလာတဲ့ အသံတွေပါ။ တိုက်ခန်းပေါ်မှာနေတဲ့သူတွေဆိုတော့ အမှိုက်လှည်းဆီပစ်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ အမှိုက်လှည်းကို မမီလို့ အမှိုက်မစွန့်နိုင်ဘူးထား၊ လမ်းရဲ့ထိပ်မှာ အမှိုက်စွန့်ပစ်ဖို့ အမှိုက်ပုံးကြီးလည်း ချထားပါသေးတယ်။

တစ်နေ့က ကျွန်မနေတဲ့ လမ်းတစ်လမ်းကျော်မှာ ဂျာနယ်တစ်စောင်ဝယ်ဖို့ ထွက်လာခဲ့ပါတယ်။ ကျွန်မ ရှေ့ကလျှောက်နေတဲ့ ကလေးမလေးက ပေါင်မုန့်ထုပ်ကို ဖောက်စားပြီး အိတ်ခွံကို လမ်းမပေါ်လွှင့်ပစ်လိုက်တယ်။ ကလေးမလေးက သားသားနားနားဝတ်ဆင်ထားပေမယ့် စည်းကမ်းမစောင့်နိုင်ပေဘူး။ ကျွန်မ လမ်းဖြတ်ကူးမလို့ပြင်ဆင်တုန်း နောက်ဆုံးပေါ်ကားအသစ်တစ်စီး လမ်းဘေးထိုးရပ်ပြီး ကားမောင်းသူကွမ်းတံတွေး ထွေးချလိုက်တာ တွေ့လိုက်ရပါတယ်။ ကားပေါ်မှာပါလာတဲ့ အမျိုးသမီးလှလှလေးကလည်း အာလူးကြော်အိတ်ခွံကို ကားပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်သေးတယ်။ ကဲ. . . မခက်လား။ အမှိုက်လှည်းသူက ဘယ်လောက်လှည်းလှည်း၊ အမှိုက်သိမ်းသူက ဘယ်လောက်သိမ်းသိမ်း၊ အမှိုက်စွန့်ပစ်သူက စည်းကမ်းမရှိ စွန့်ပစ်တတ်ရင် လှည်းလို့သိမ်းလို့ လက်စမသတ်နိုင်အောင် ဖြစ်တော့မယ်။

နောက်ဖေးလမ်းကြားထဲကို သန့်ရှင်းရေးသမားတွေက နှစ်လတစ်ခါ၊ သုံးလတစ်ခါဆိုသလို အမှိုက်တွေ လာကျုံးတတ်ပါတယ်။ အမှိုက်ကျုံးနေတုန်းမှာပဲ 'ဘုတ်'ဆိုတဲ့အမှိုက်ထုပ်တွေ၊ ဗွမ်းဆိုတဲ့ ရေသွန်ချသံတွေ ကြားလိုက်ရတော့ သန့်ရှင်းရေးသမားတွေကလည်း နောက်ဖေးလမ်းကြားထဲကနေ အမှိုက်ပစ်မချဖို့ပြန်အော်သံကြားရပြန်တယ်။ ဒီလိုပြန်အော်သံကြားနေတဲ့ အခိုက်မှာပဲ လမ်းလယ်တိုက် အပေါ်ဆုံးထပ်က 'ဗုန်း'ဆိုပြီး အမှိုက်ထုပ်ပစ်ချသံ ကြားလိုက်ရပါသေးတယ်။ ဒါကြောင့် အင်တာနက်သတင်းထဲက 'ပစိဖိတ်သမုဒ္ဒရာထဲက ဧရာမအမှိုက်ပုံကြီး' ဆိုတဲ့ သတင်းဖတ်ပြီး အဲဒီသတင်းထက် ရန်ကုန်မြို့လယ်တိုက်ခန်းပေါ်က အမှိုက်ပစ်ချတတ်သူတွေ အသိစိတ်ဝင်လာအောင် ဘယ်လိုများလုပ်ရမလဲဆိုတဲ့ အတွေးကို ပိုတွေးနေမိတော့တယ်။

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးစီးဦးဆောင်ဖွဲ့စည်းတည်ထောင်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့သို့ ဦးသောင်းစိန်-ဒေါ်မြင့်မြင့်သန်း၊ သမီး မအိဖြူတင် မိသားစုက ငွေကျပ်သိန်း ၅၀ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်း လက်ခံစဉ်။ (ကြေးမုံ)

ကြေးမုံသတင်းစာသို့ စိတ်ဝင်စားဖွယ် သတင်း၊ ဓာတ်ပုံများနှင့် အကြံပြုစာများပေးပို့နိုင်

နေပြည်တော် ဇွန် ၂၂

ကြေးမုံသတင်းစာကို ပြည်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ယခုအခါ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ မြို့နယ်သတင်းထောက်များ၊ စာပေဝါသနာရှင်များ၊ သတင်းစိတ်ဝင်စားသူများသည် မိမိတို့မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော သတင်းဦး၊ သတင်းထူး၊ စိတ်ဝင်စားဖွယ်သတင်းနှင့် ဓာတ်ပုံများကို အချက်အလက်အထောက်အထားမှန်ဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာရေးသား၍ ပေးပို့နိုင်သည့်အပြင် သတင်းစာဖတ်ပရိသတ်များအနေဖြင့်လည်း ဝေဖန်အကြံပြုစာများကို ကြေးမုံသတင်းစာတိုက် နေပြည်တော်သို့ အီးမေးလ်လိပ်စာ themirror.npt@gmail.com နှင့် ဖုန်း-၀၆၇-၃၆၁၃၀၊ ဖက်စ်-၀၆၇-၃၆၁၃၁ တို့ဖြင့် ပေးပို့နိုင်သည်။ **(စာတည်းအဖွဲ့)**

စိတ်ကျေနပ်ဖွယ်ဖြစ်ဝေမည့် ဧည့်ဝန်ဆောင်မှုများကောင်းမွန်ဝေရေး နည်းလမ်းရှာကြံဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းဝေးခန်းမ၌ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း(ဟိုတယ်လုပ်ငန်းဌာန)နေပြည်တော်ရုံးချုပ်၊ ပြင်ဦးလွင်၊ ကျိုင်းတုံ ဧရာင်းသာ၊ မြောက်ဦး နယ်ရုံးခွဲများမှ တာဝန်ခံများနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် မြောက်ပိုင်း)နယ်မြေတာဝန်ခံတို့အား တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်းဌာနတာဝန်ခံများအနေဖြင့် ဝီးပွားရေးလုပ်ငန်းဝင်ငွေ ယခုထက်ပိုမိုတိုးတက်ရှာဖွေနိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဟိုတယ်လုပ်ငန်းသည် ဝန်ဆောင်မှု ပေး၍ ဝင်ငွေရှာဖွေရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ ဝန်ထမ်းများ၊ မန်နေဂျာများ အနေဖြင့် Marketing လုပ်ငန်းကို ထိထိရောက်ရောက် တွင်ကျယ်စွာ ဆောင်ရွက်၍ လာရောက်တည်းခိုသည့် ဧည့်သည်များအပေါ် စိတ်ကျေနပ်ဖွယ် ဖြစ်ဝေမည့် ဧည့်ဝန်ဆောင်မှုများ ကောင်းမွန်ဝေရေး၊ အသုံးပြုသည့် ပစ္စည်းများ အဆင့်အတန်းမြင့်မားစေရေးအတွက် နည်းလမ်းရှာကြံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ရှိသည့် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့မှ လုပ်ငန်းတာဝန်ဝတ္တရားများအပေါ် အသေးစိတ်လေလာကြပ်မတ် လမ်းညွှန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဟိုတယ်မန်နေဂျာများအနေဖြင့် အဖြတ်ဝင်ငွေ ပိုမိုရရှိရေးအပြင် အသုံးစရိတ်လျှော့ချသုံးစွဲရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေ့စဉ်လစဉ် ဝင်ငွေ/ထွက်ငွေစာရင်းကို အမြဲစစ်၍ လုပ်ငန်းအရှုံးမပေါ်အောင် အာဝရုံစူးစိုက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။ **(ဝဲလုံ)**

ထို့နောက် နယ်ရုံးခွဲများမှ တာဝန်ခံများက သက်ဆိုင်ရာ ဟိုတယ်အလိုက် ဝင်ငွေ/ထွက်ငွေ အရှုံးအမြတ်စာရင်းနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်မည့် နည်းလမ်းများကို တင်ပြဆွေးနွေးကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငေးနှင့် ဒုတိယဝန်ကြီး ဦးဌေးဆောင်တို့က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရှေးပြေမြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၆-၂၀၁၂ (စနေနေ့)

၇:၀၀ ၈:၂၅	ပရိတ်တရားတော် "ဓေသထွက်ကုန်အဖုံဖုံ" မန္တလေးကမုန်ယိုမုံစံ
၈:၂၅	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနွမ်းအား" (အပိုင်း-၁၅)** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၈:၅၀	အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (နန်းတော်ရှေ့ဆရာတင်၏ သီချင်းများ ဝင်းဦးသီဆိုသည်)
၈:၅၅	"မိုးလေဝသဖြစ်စဉ်နှင့် လူထုအသိပညာပြန်ပွားရေး တွေ့ဆုံဆွေးနွေးခန်း" "အနုပညာရှင်နှင့် ရင်ခုန်ရရာညနေခင်း" (ဖေးမွေး)
၉:၂၅	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများတဲ့အချစ်" (အပိုင်း-၉)**
၈:၀၀	ပြည်တွင်းသတင်း -ကာတွန်းအစီအစဉ် "ဒိုင်ဒန်ဆောကမ္ဘာ" (ကိုမိုးလုံဒိုင်ဒန်ဆောနှင့် ပျါဝမ်ဒိုင်ဒန်ဆောတို့ရဲ့တိုက်ပွဲ) **-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၁၅)** -ဂီတတံခါးလေးဖွင့်ပါဦး

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲဖွင့်

နေပြည်တော် ဇွန် ၂၂

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ အဆိုပါဘဏ်ခွဲ အဆောက်အအုံ ရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများ၊ ဘဏ်ခွဲတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် အုပ်ချုပ်မှူးဒါရိုက်တာ ဦးရဲမင်းဦးတို့က အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** ဘဏ်အတွင်း ကြည့်ရှုကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါရုံးရှိ ကျင်းပရာ ရှေ့ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၅၀၊ ယျင်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀ နှင့် အခြားအရိပ်ရ/ပန်းပင် ၁၀၀ အပါအဝင် စုစုပေါင်း အပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေး
ထောက်ပံ့ကူညီသည့် ပစ္စည်းများ ထ

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်
သည့် ပစ္စည်းများ ယနေ့နံနက်ပိုင်းတွင် တပ်တော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ထ
အဆိုပါ ထောက်ပံ့ကူညီသည့် ပစ္စည်းများဖြစ်သော ကြက်သွန်နီ၊ မာဗီးခေါက်
စောင်၊ ခေါင်းအုံး၊ ဆေးစိပ်ခြင်ထောင်၊ မိုးကာလိပ်နှင့် မီးဖိုချောင်သုံးပစ္စည်းများ။ သံယာ
ကယ်ဆယ်ရေးစခန်းများသို့ အမြန်ဆုံးရောက်ရှိဖြန့်ဖြူးနိုင်ရေးအတွက် နယ်မြေခံ တပ်
ပေးကြသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်
ပရိယတ္တိစာသင်တိုက်ရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှ
အလားတူ ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ဂ
သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေ
ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစခန်းထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ

ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံဆေးတပ်ရင်းများမှ ဆေးကုသမှုများ ဆောင
၂၂ ရက်အထိ စစ်တွေမြို့တွင် ၁၃၄၈ ဦးနှင့် ဘူးသီးတောင်မြို့တွင် ၂၄၂ ဦး ဆေးကု

ယာဉ်နှစ်စီးအပြိုင်လုမောင်း၍ တိုက်မိရာမှ ခိုက်ရန်ဖြစ်ပွား

ရန်ကုန် ဇွန် ၂၂

မော်တော်ယာဉ်နှစ်စီး အပြိုင်လုမောင်း၍ တိုက်မိရာမှ တိုက်သည့်ယာဉ်ပေါ်
ပါလာသူများက အတိုက်ခံရသည့်ယာဉ်ပေါ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်
လိုက်များကို တုတ်၊ ဓားတို့ဖြင့် ရန်ပြုသည့်ဖြစ်စဉ်တစ်ခု ဒေါပုံမြို့နယ် ယမုံနာ
လမ်းကြီးပေါ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် အမှတ်(၁၇၉) အဓိပတိယာဉ်လိုင်းမှ ယာဉ်မောင်း ဝင်းနိုင် (၄၁) နှစ် မောင်းနှင်လာသော ယာဉ် အမှတ် ၁၈/--- ခရီးသည်တင်ယာဉ်နှင့် ယာဉ်မောင်း မိုးဇော်ဦး(၄၂)နှစ် မောင်းနှင်
လာသော ဆီသယ်ယာဉ်အမှတ် ၉၁/---ဆီသယ်ယာဉ်တို့သည် ယမုံနာလမ်းမကြီး
အတိုင်း အနောက်မှအရှေ့သို့ ရန်ပြေမှတ်တိုင်ခန်မှစ၍ အပြိုင်လုမောင်းနင်စဉ်
ဂိတ်ဟောင်းမှတ်တိုင်အလွန် ဧရယာသီရီ (၃)လမ်းထိပ်အရောက်တွင် အဓိပတိ
ယာဉ်၏ လက်ဝဲဘက်ကို ဆီသယ်ယာဉ်က ဝင်တိုက်မိပြီး ဆီသယ်ယာဉ်ပေါ်မှ
ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က တုတ်၊ ဓားများဖြင့် အဓိပတိယာဉ်မောင်း
နှင့် ယာဉ်နောက်လိုက်များကို ရန်ပြုတိုက်ခိုက်ခဲ့ရာ အနီးပန်းကျင်ရှိ လူများ
ပိုင်းဝန်းတားဆီးခဲ့ရသည်ကို အဓိပတိယာဉ်ပေါ်၌ ဝီးနင်းလိုက်ပါလာသူ ခရီးသည်
များနှင့် အခင်းဖြစ်ရာနေရာမှ မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ဖြစ်ရပ်ကြောင့် အဓိပတိယာဉ်မောင်းတွင် ယာဘက်ပါးနှင့် အပေါ်
နှုတ်ခမ်းတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ပြီး ခရီးသည်များမှာ ထိခိုက်မှုမရှိကြောင်း
သိရသည်။

အခင်းဖြစ်ပွားရာသို့ သက်ဆိုင်ရာမှ လာရောက်ထိန်းသိမ်းဆောင်ရွက်ရာတွင်
အခင်းဖြစ်ပွားရာနေရာမှ နှစ်ပေခွဲခန့်အရှည် သစ်သားတုတ်တစ်ချောင်း၊
ဆီသယ်ယာဉ်ခေါင်းခန်းအတွင်းရှိ ယာဉ်အကူ ထိုင်ခုံအောက်မှ အရိုးအသွား ၁၂
လက်မခန့်ရှိ သံရိုးတပ်ဓားမြောင်တစ်ချောင်းတို့အား သိမ်းဆည်းရရှိပြီး အရေးယူ
ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတိပြုဆင်ခြင်စရာ မှူခင်းအဖြာဖြာ

ဒေါပုံမြို့နယ် ယမုံနာလမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုများနှင့် ယာဉ်တော်
တဆုမှများ မကြာခဏ ဖြစ်ပွားလေ့ရှိရာ ၎င်းဖြစ်ရပ်များနှင့်ပတ်သက်၍ "ဒီလမ်း
ပေါ်မှာ သန်လျင်ကားတွေ၊ ကွန်တိန်နာတင်ကားတွေ၊ သစ်လုံးကားတွေနဲ့ ဆီသယ်
ယာဉ်တွေက နေ့စဉ် အချိန်တိုင်း အပြိုင်အဆိုင်မောင်းနေကြတာကို တာဝန်ရှိသူတွေ
သိစေချင်ပါတယ်။ ကားကြီးတွေ တစ်စီးနဲ့တစ်စီး အလှုအယက်မောင်းကြတယ်။
ကျော်တက်တာတောင် လက်ယာဘက်ကနေ စည်းကမ်းမဲ့ ကျော်တက်ကြတယ်။
လမ်းကလည်းမကောင်း၊ လူသွားလမ်းလမက်ဖောင်းလည်းမရှိတဲ့အတွက် ဒီလိုမျိုး
စည်းကမ်းမဲ့ခွာလုပ်နေကြဦးမယ်ဆိုရင် ဒီလိုဖြစ်ရပ်မျိုးတွေ ဆက်ဖြစ်နေဦးမှာပါ"
ဟု ယင်းလမ်းမကြီးဘေးတွင် နေထိုင်သူ အကြီးပေးစားဝန်ထမ်းတစ်ဦးက သူ၏ နေ့စဉ်
အတွေ့အကြုံကို ပြောပြသည်။ (၆၄၉)

ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်၊ သင်္ဘောသား ၁၈ ဦး သေဘေးမှလွတ်

ကျောက်မြူ ဇွန် ၂၂

ရန်ကုန်မြို့မှ အထွေထွေကုန်ပစ္စည်းတန်ဆိုန် ၆၀၀ ခန့် တင်ဆောင်ပြီး ကပွတိန် ဦးထွန်းရွှေ မောင်နှင်လာသည့် ရွှေဇေယျာအောင် (M.V) ကုန်တင်သင်္ဘော (ဦးခင်မောင်သန်းပိုင်)သည် ဇွန် ၁၀ ရက် ည ၁၀ နာရီ၌ ဘင်္ဂလားပင်လယ်ပြင်အတွင်း အရှေ့လောင်ဗျိုကျူ ၉၃ ဒီဂရီ ၁၅ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်အကြား မြေပုံမြို့နယ်အနီးရှိ သန္တာကျွန်းမီးပြအနီးတွင် လှိုင်းကြီးပြီး ရေအောက်ကျောက်ဆောင်၊ ကျောက်တန်းများကို တိုက်မိ ခြင်းကြောင့် နစ်မြုပ်သွားခဲ့သည်။

ည ၁၀ နာရီတွင် သင်္ဘောနစ်မြုပ်ပြီး သင်္ဘောသား ၁၈ ဦးမှာ သင်္ဘောပါ အသက်ကယ်ပီပါလေးလုံးနှင့် ပြုလုပ်ထားသည့် အသက်ကယ်ပီပါဖြင့် ရေထဲတွင် မျောပါနေခဲ့ရာ အောင်ဆုမွန်ဝင်းဖမ်းရေယာဉ်(၁၁)က ငါးဖမ်းပိုက်ဆွဲတင်နေစဉ် တွေ့ရှိကယ်တင်ခဲ့ခြင်းကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ (၅၀၉)

လမ်းဖြတ်ကူးသည့် ကလေးငယ် ကုန်တင်ယာဉ် ဝင်တိုက်မိ

ရေတာရှည် ဇွန် ၂၂

ဇွန် ၂၀ ရက်တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းမကြီးအတိုင်း ယာဉ်မောင်း လွမ်းမိုး (၂၇)နှစ် ကျားနေအိုက်ရွာ ကျောက် ပန်းတောင်းမြို့နယ်နေသူ မောင်းနှင်ပြီး အာလူးများ တင်ဆောင်လာသည့် ၉၁/--- နစ်ဆန်း ဒီဇယ် ၁၂ ဘီး ယာဉ်သည် မြောက်မှ တောင်သို့ မောင်းနှင်လာစဉ် ရေတာရှည်မြို့နယ် ရေနီဖြို့တောင်ဘက် ကားလမ်း မိုင်တိုင်အမှတ်(၂၁၃/၄)နှင့် (၂၁၃/၅)အကြား ဆတ်သေတောင်ရွာအနီး အရောက် ကားလမ်းအနောက်ဘက်မှ အရှေ့ဘက်ကိုဖြတ်ကူးသည့် ရွှီးနွှင်း(ခ)ရွှင်းသူရထိုက်(၅)စ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ရွှင်းရွှင်း(ခ) ရွှင်းသူရထိုက်တွင် ဝဲခြေသလုံးကျိုး အက်ပေါက်ပြဒဏ်ရာ၊ ဝဲနားထင် ပေါက်ပြဒဏ်ရာများရရှိခဲ့၍ ရေနီ ရဲစခန်းမှ (၀)၄၁/၂၀၁၂ ပြစ်မှုပဒေသ ၃၃၈ ဖြင့် အမှုဖွင့်ပြီး ဒုရဲအုပ်ကျော်ဇေ လတ်က စစ်ဆေးဆောင်ရွက်လျက်ရှိ သည်။

ကိုလွင်(ဆွာ)

...ကြား အစီအစဉ်အကျဉ်း

...-၂၀၁၂ (စနေနေ့)

...ရေး
...ထူးပြု)
...ို
...ည်)

လူထုအသိပညာပြန့်ပွားရေး တွေ့ဆုံဆွေးနွေးခန်း"
၆း၃၅ "အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း" (ဖွေးဖွေး)
၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများတဲ့အချစ်" (အပိုင်း-၉)**
၈း၀၀ ပြည်တွင်းသတင်း
-ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ကျိုးလုံဒိုင်နိုဆောနှင့် ပို့ဝမ်ဒိုင်နိုဆောတို့ရဲ့တိုက်ပွဲ)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၁၅)
-ဂီတတံခါးလေးဖွင့်ပါဦး

...စ်ချုပ် ဦးလွန်းမောင် ၂၀၁၂ ခုနှစ် မိုးရာသီ ...တ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုး (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဖြစ်သည့် ပညာရည်မြင့်မားရေးသည် အဓိကနေရာ၌ ပါဝင်လျက်ရှိကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ နောင်မကြာခင်ကာလများ၌ ကမ္ဘာနှင့် ရင်ပေါင်တန်းဆက်ဆံဆောင်ရွက်ရာတွင် အနာဂတ်နိုင်ငံတော်ကို တာဝန်ယူထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အနည်းဆုံး အာဆီယံနိုင်ငံများနှင့်တန်းတူ အဆင့်အတန်းရှိမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက်ရောမိမိဘ၀ ရပ်တည်မှုအတွက်ပါ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ပညာတတ်မြောက်ပါမှ အသိအလိမ္မာ တိုးမြင့်ကာ လူရည်ချွန် လူရည်မွန်များ ဖြစ်လာမည်ကို သတိထားရှိ၍ စဉ်ဆက်မပြတ် တိုးတက်ရအောင် ပညာအမွေလက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး ဒေါ်ဝေဝေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ဒေါ်စုညွန့်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ဌာနအလိုက် ပညာသင်ထောက်ပံ့ကြေးများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပညာရည်ထူးချွန်ဆု ရရှိသူများကိုယ်စား ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့် မစောမြသဥ္ဇာနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ကယ်ဆယ်ရေးစခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့မဈေးရှေ့ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်သူများ အေးချမ်းစွာသွားလာနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး မီးသတ်တပ်ဖွဲ့ဝင်များအား နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေ့ပြောင်းအိမ်ထောင်စုဝင်များအား သဲချောင်းကျေးရွာ၌ ယာယီနေရာချထားမှုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ညနေပိုင်းတွင် ဗုဒ္ဓေါမော်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသည့် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး စစ်တွေမြို့ တရားသိစုရပ်ကွက် မီးလောင်ပြင်နေရာအား စက်၊ ယာဉ်၊ ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လည်းကောင်း၊ မြို့သူကြီးရပ်ကွက် မီးလောင်ပြင်နေရာအား မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...အတွင်းရှိ ကယ်ဆယ်ရေးစခန်းများအတွက် ...ကူညီသည့် ပစ္စည်းများ ထပ်မံရောက်ရှိ

နေပြည်တော် ဇွန် ၂၂

...ဆယ်ရေးစခန်းများအတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသော ထောက်ပံ့ကူညီ ...ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ထပ်မံရောက်ရှိသည်။

...ညီသည့် ပစ္စည်းများဖြစ်သော ကြက်သွန်နီ၊ မာမီးခေါက်ဆွဲ၊ မုန့်ကြွပ်၊ ကော်ဖီမစ်၊ ထီး၊ ဖိနပ်၊ ...ထောင်၊ မိုးကာလိပ်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ သံဃာတော်နှင့် သီလရှင်သုံးပစ္စည်းများအား ...မြန်ဆုံးရောက်ရှိဖြန့်ဖြူးနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများက သယ်ယူပို့ဆောင်

...ပိုင်းတွင် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ...ယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။ ...င်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေ ...ချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် မြို့နယ် ...မာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ...ယ်ဆယ်ရေးစခန်းများတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ... နယ်မြေခံဆေးတပ်ရင်းများမှ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၅ ရက်မှ ... ၁၃၄၈ ဦးနှင့် ဘူးသီးတောင်မြို့တွင် ၂၃၂ ဦး ဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တွေမြို့ နယ်မြေခံ ဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေကြစဉ်။ (သတင်းစဉ်)

လွှတ်တော်အတွေ့အကြုံရှင်းလင်း

ရွှေဘို ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၂၀ ရက်က ရွှေဘိုမြို့ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ရပ်ကွက်အတွင်းရှိ မိဘပြည်သူများ၊ စိတ်ပါဝင်စားသူများ၊ NGO များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့နှင့် ပတ်သက်သော ပြည်သူများ သိသင့်သိထိုက်ဖွယ်ရာများကိုလည်းကောင်း၊ လွှတ်တော်ရေးရာကော်မတီများနှင့် ပတ်သက်၍ ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး ဥပဒေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ (၅၇၂)

အကြိမ် (၂၀) မြောက် နိကာယ်စာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အကြိမ်(၂၀)မြောက် နိကာယ်စာမေးပွဲ(မဟာဝိဒူတန်း-ဝိဒူတန်း)ကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် စာဖြေဌာန ဂန္ဓကုဋီဆောင်၌ ဇွန် ၇ ရက်က ကျင်းပရာ မြို့နယ်အသီးသီးမှ သံဃာတော် ၁၉၇ ပါးနှင့် သီလရှင် ငါးပါး စုစုပေါင်း ၂၀၂ ပါး ဝင်ရောက်ဖြေဆိုကြသည်။ အဆိုပါစာမေးပွဲကို ဇွန် ၇ ရက်မှ ၁၁ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ကျင်းပပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်၊ အဖွဲ့ဝင်ဆရာတော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်သာသနာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက နိကာယ်စာမေးပွဲကို ကြီးကြပ်ဆောင်ရွက်ကြသည်။ (၆၈၄)

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မအူပင်မြို့ တိုးမေတ္တာစစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း၌ ကျင်းပစဉ်။ (ကြေးမုံ)



ဗုဒ္ဓအဘိဓမ္မာ မဟာနိဒါန်း

စာရေးဆရာ ဓမ္မာစရိယဦးအေးနိုင်(ဘီအေ) ရေးသားထားသော ဗုဒ္ဓအဘိဓမ္မာ မဟာနိဒါန်းစာအုပ်ကို ပထမအကြိမ်အဖြစ် အလင်းသစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကအကြောင်း၊ ၃၁ ဘုံ၌ သတ္တဝါတို့ ဖြစ်တည်နေပုံအကြောင်း၊ ထို ၃၁ ဘုံလောကမှ လွတ်မြောက်ပုံတို့ကို ပြဆိုထားပေသည်။ သင်္ခါရလောကအကြောင်းများသာမက ရုပ် နာမ်၊ ဓမ္မသင်္ခါရလောကတို့ ဖြစ်ပုံ ပျက်ပုံ စုံလင်အောင် ဖော်ပြထားသည်။ လူတိုင်း လူတိုင်း အချမ်းသာဆုံးဖြစ်သည့် နိဗ္ဗာန်ကို တကယ်လိုချင်သည့် ကလျာဏပုထုဇဉ်အဆင့်အထိရောက်အောင် ကြိုးပမ်းအားထုတ်သင့်ကြသည်ဟူသော ရည်မှန်းချက်ကို တွေ့ရှိရကြောင်း အမှာတွင် ဗုဒ္ဓစာပေအဖွဲ့ အတွင်းရေးမှူးက ညွှန်းဆိုထားသည်။ ကမ္ဘာကြီးပျက်စီးပုံနှင့် တည်ပုံ၊ အပါယ်ဘုံသား သတ္တဝါများအကြောင်း၊ နတ်ပြည်ခြောက်ထပ်ရှိ နတ်၊ ဗြဟ္မာများအကြောင်း၊ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗာန်အကြောင်း စသဖြင့် ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားသည်။

အလင်းသစ်စာပေ အမှတ်(၁၇) အခန်း(၆၀၁) (၅၂)လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ဓမ္မရေးရာ ဥပမာများ

စာရေးဆရာ ဝဏ္ဏသီရိရေးသားထားသော ဓမ္မရေးရာဥပမာများ စာအုပ်ကို ပထမအကြိမ်အဖြစ် အလင်းသစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မြတ်မင်္ဂလာစာစောင်တွင် ဖော်ပြခဲ့ပြီးသော ပိဋကတ်တော်လာ ဥပမာနှင့် ဥပမေယျ ခေါင်းစဉ်ပါ ဓမ္မရေးရာ ဝတ္ထုများကို စုစည်းထားခြင်းဖြစ်သည်။ ဤစာအုပ်ပါ သာဓကဝတ္ထုများသည် ရှေးသူဟောင်းတို့ ဥပမာဆောင်ခဲ့ကြခြင်းကို ကြားနာရသူတို့ သိလွယ်၊ မြင်လွယ်ကြစေရန်၊ နှစ်သက်ကျေနပ်စွာ နာယူလက်ခံကြစေရန်၊ ကြားနာပြီးနောက် စိတ်ထဲမှာ စွဲမြဲ၍ တည်နေရစ်ကြစေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။ ပဋ္ဌာစာရာ မည်သည္ညာ၊ သိကြားမင်းအပြောင်းအလဲ၊ အဝိစိသို့ ကျမည့်ဆဲဆဲ၊ ရဟန်းစားရသော ဆွမ်းတစ်နပ်၊ နဂါးနိုင်ဂါထာ၊ မိမစစ် ဖမစစ်၊ ရေဝတီ အမိုက်မ၊ အမိဖမ်းသူနှင့် အလွတ်ရှုန်းသူ၊ ပြေးနိုင်မှလွတ်မည်၊ မီးမွှေးသူနှင့် မီးငြိမ်းသူ၊ ရွာပျက်သောည စသဖြင့် ဓမ္မရေးရာဝတ္ထု ၅၃ ပုဒ် ပါဝင်သည်။

အလင်းသစ်စာပေ အမှတ်(၁၇) အခန်း(၆၀၁) (၅၂)လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

အနော်ရထာမင်းစော(အနိရုဒ္ဓ)စာအုပ်ထွက်ရှိ

မြန်မာနိုင်ငံသားတို့က အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သူ၊ ထေရဝါဒဗုဒ္ဓသာသနာကို တည်ထောင်သူဟု ဂုဏ်ယူဝင့်ကြွားပြောဆိုတတ်ကြသည်။ မြန်မာမင်းများအနက် တန်ခိုးအကြီးဆုံး၊ တိုင်းရေးပြည်ရေး၊ သာသနာရေးတို့၌ အကျိုးအများဆုံး ဖြစ်ထွန်းအောင် ထောက်ပံ့ပြုစုခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါးဟုလည်း ခံယူတတ်ကြသည်။ အနော်ရထာမင်း၏ခေါင်းဆောင်ကောင်းမှု၊ အမြော်အမြင်ကြီးမားမှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကြောင့် မြန်မာနိုင်ငံအနှံ့ အနော်ရထာ၏ ဩဇာပျံ့နှံ့သက်ရောက်သည့်အကြောင်းကို ဤစာအုပ်တွင် ရေးသားဖော်ပြထားသည်။

ဤအနော်ရထာမင်းစော သမိုင်းဝင်အတ္ထုပ္ပတ္တိစာအုပ်ကို ရေးသားသူ ဒေါက်တာကျော်ဝင်းက အနော်ရထာမင်းကြီး(အနိရုဒ္ဓ)အား နယ်သစ်တိုးချဲ့သူ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်သူ၊ ထေရဝါဒဗုဒ္ဓသာသနာအား ကာကွယ်စောင့်ရှောက်သူအဖြစ် မြင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးသားခြင်းဖြစ်သည်ဟု အတိအလင်းဆိုထားပါသည်။

စာဖတ်သူပရိသတ်များအတွက် သမိုင်းဝင်မင်းတစ်ပါးအကြောင်းကို အချက်အလက်တိတိကျကျ မြင်တွေ့ဖတ်ရှုကြရမည်ဖြစ်ကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနမှ ယခုထုတ်ဝေသော စာအုပ်အား နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းအတွင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ပြီး စာအုပ်၏တန်ဖိုးမှာ ငွေကျပ် ၂၃၀၀ ဖြစ်သည်။

စီအိုင်အေမွှေနေသော နိုင်ငံများ

စီအိုင်အေမွှေနေသော နိုင်ငံများ စာအုပ်ကို တက္ကသိုလ်မြတ်သူ ရေးသားပြီး ဟန်သာဆုစာအုပ်တိုက် အမှတ်(၃၂) ပထမထပ် အဆောင်(၄) ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေး C-ရုံမှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအကြိမ် ထုတ်ဝေသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်တွင် အရှေ့အလယ်ပိုင်းဒေသများဖြစ်သော ဂျော်ဒန်၊ အီရတ်၊ အီရန်နှင့် လစ်ဗျားနိုင်ငံများ၏ ပြည်တွင်းရေး၊ ရေနံကိစ္စတို့တွင် လူပ်ရှားပတ်သက်ဆောင်ရွက်မှုများ၊ အာဖရိကဒေသများဖြစ်သော ကွန်ဂို၊ အင်ဂိုလာနိုင်ငံများ၏ ပြည်တွင်းရေးစွက်ဖက်မှုများ၊ အာဖရိကတိုက်အတွင်း စီအိုင်အေ၏ ကွန်ရက်၊ လွတ်လပ်ရေးဖြိုချမှုနှင့် အကြမ်းဖက်လက်နက်အသုံးပြုမှုများ၊ လက်တင်အမေရိကဒေသများဖြစ်သော ချီလီ၊ နီကာရာဂွါ၊ ဟေတီနိုင်ငံများကို စာဖတ်သူတို့ လေ့လာနိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပြီး အထက်ပါလိပ်စာနှင့် ဖုန်း- ၀၁-၃၇၁၈၀၀ (လိုင်းခွဲ) ၄၀၇၊ ၀၉-၄၃၀၆၆၃၆၅ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။

AFC U-22 ပြိုင်ပွဲ မန်နေဂျာများအစည်းအဝေးနှင့် ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဇွန် ၂၂

အာရှဘောလုံးအဖွဲ့ချုပ်က ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် 2013 AFC U-22 ပြိုင်ပွဲ၏ ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များကို မြန်မာနိုင်ငံက ဇွန် ၂၃ ရက်မှ ဇူလိုင် ၃ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပတော့မည်ဖြစ်ရာ ယင်းအတွက် မန်နေဂျာများအစည်းအဝေးနှင့် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ဟိုတယ်ရန်ကုန်၌ ကျင်းပခဲ့သည်။

အသင်းမန်နေဂျာများအစည်းအဝေးသို့ အာရှဘောလုံးအဖွဲ့ချုပ် (AFC) ပြိုင်ပွဲကျင်းပရေးမှတာဝန်ရှိသူများ၊ ပြိုင်ပွဲကြီးကြပ်သူနှင့် ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသည့် အိမ်ရှင်မြန်မာ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ မလေးရှားတို့မှ အသင်းမန်နေဂျာများနှင့် ဒိုင်လူကြီးများတက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် အိမ်ရှင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲအတွက်ပြင်ဆင်ထားရှိမှုများမှာ အားရဖွယ်ဖြစ်ကြောင်းနှင့် လိုလေသေးမရှိဆောင်ရွက်ထားမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း AFC တာဝန်ရှိသူများက အသိအမှတ်ပြုပြောကြားကာ ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်ပြီး အသင်းမန်နေဂျာများနှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက်အစီအစဉ်အတိုင်း သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပခဲ့ရာ မီဒီယာအသီးသီး၏ မေးမြန်းမှုကို ပြိုင်ပွဲဝင်အသင်းများမှ နည်းပြများက ဖြေကြားမှုများပြုလုပ်ခဲ့ကြသည်။

ပွဲကြိုသတင်းစာရှင်းလင်းပွဲအပြီးတွင် “မြန်မာယူ-၂၂ အသင်းခြေစစ်ပွဲအောင်ဖို့ အားလုံးကြိုးစားသွားမှာပါ။ တောင်ကိုရီးယားအသင်းက ခြေစစ်ပွဲအောင်ဖို့ ရေပန်းစားတာမှန်ပေမယ့် အသင်းတိုင်းကို အထင်မကြီး၊ အထင်မသေးဘဲ တစ်ပွဲချင်းအနိုင်ရအောင်ကစားသွားမယ်။ ရှေ့တန်းမှာ ကျော်ကိုကို မတော်တဆထိခိုက်ဒဏ်ရာရသွားမယ်ဆိုရင်တောင် ကောင်းစည်သူ၊ ချစ်မင်းစိုးတို့လို တိုက်စစ်မှူးတွေရှိနေပါတယ်။ ပရိသတ်အားပေးမှုလည်း ရှိမှာဖြစ်တဲ့အတွက် ဒီခြေစစ်ပွဲမှာ ကျွန်တော်တို့ မြန်မာအသင်းအောင်မြင်မှုရရှိမယ်လို့ယုံကြည်ပါတယ်” ဟု ပက်ဆောင်ဟွာ (မြန်မာအသင်းနည်းပြချုပ်)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် မလေးရှားနည်းပြအွန်ကွမ်ဆီးက “ခြေစစ်ပွဲဝင်အသင်းတွေအားလုံး ကြီးကြီးမားမား ပြင်ဆင်ထားကြတာဖြစ်လို့ အသင်းတိုင်းကို လေးလေးစားစား ယှဉ်ပြိုင်ကစားသွားမှာပါ။ တောင်ကိုရီးယားအသင်းရဲ့ပြင်ဆင်မှုတွေကို သိပ်မသိပေမယ့် သူတို့ဟာ ထိပ်တန်းအသင်းတစ်သင်းဖြစ်လို့ ခက်ခက်ခဲခဲကစားရမှာပါ။ ခြေစစ်ပွဲအောင်ဖို့ မျှော်မှန်းထားပါတယ်” ဟုပြောကြားသွားသည်။

ထို့နောက် တောင်ကိုရီးယားနည်းပြကင်တေယောင်းကလည်း “ ပထမပွဲဟာ အရေးကြီးပါတယ်။ အရှေ့အာရှမှာတော့ ဂျပန်၊ ကိုရီးယားတို့က အဆင့်မြင့်သလို အာဆီယံဒေသတွင်းမှာလည်း ထိုင်း၊ မလေးရှား၊ ဗီယက်နမ်တို့ အင်အားတောင့်တင်းပါတယ်။ အိမ်ရှင်မြန်မာအသင်းကတော့ အုပ်စုမှာ အတောင့်တင်းဆုံးလို့ ပြောရမှာပါ။

သုဝဏ္ဏကွင်း၌ ခုံသစ်များ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

ပရိသတ်အားပေးမှုလည်းရှိတယ်။ အသင်းတိုင်းကို လွယ်လွယ်နဲ့မနိုင်ပါဘူး။ တစ်ပွဲချင်းအနိုင်ရဖို့ ကြိုးစားသွားပါမယ်” ဟု ဆက်လက်ပြောကြားသွားသည်။

(ဇော်မင်းအောင်-၁၀၇)

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာလူငယ်အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း။



မြန်မာအသင်း၏ အားထားရမည့် တိုက်စစ်မှူး ကျော်ကိုကို။

မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်စားနေသည့် အာရှယူ -၂၂ ခြေစစ်ပွဲ ယနေ့စတင်မည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၂၂ ခြေစစ်ပွဲအုပ်စု (G)ပွဲစဉ်များကို ဇွန် ၂၃ ရက် ယနေ့မှစ၍ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ကျင်းပတော့မည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စု (G)တွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ တောင်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်(တိုင်ပေ)နှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်လျက်ရှိသည်။ ယနေ့ယှဉ်ပြိုင်ကစားမည့် ပွဲဦးထွက်ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မလေးရှားအသင်းနှင့် တောင်ကိုရီးယားအသင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိမ်ရှင်မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အောင်ဆန်းကွင်း၌ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် တောင်ကိုရီးယားလူမျိုး မစ္စတာ ပက်ဆောင်ဟွာက ကိုင်တွယ်နေပြီး ခြေစစ်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။ အာရှယူ-၂၂ ခြေစစ်ပွဲအတွက် ပြည်ပနိုင်ငံများတွင် နှစ်ကြိမ်သွားရောက်လေ့ကျင့်ထားပြီး တောင်ကိုရီးယားနိုင်ငံတွင် ဧပြီ ၁၇ ရက်မှ မေ ၈ ရက်အထိ သွားရောက်လေ့ကျင့်ခဲ့သည်။ တောင်ကိုရီးယားကေလိဂ်ကလပ် ဂွမ်ဂျူးအသင်းအပါအဝင် ခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာကစားသမားများအတွက် အတွေ့အကြုံကောင်းများရရှိခဲ့သည့် ခရီးစဉ်ဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် အာရှယူ-၂၂ ခြေစစ်ပွဲဝင်ရန်လေ့ကျင့်ပြင်ဆင်နေသည့် ထိုင်းယူ-၂၂ အသင်း၊ မော်လ်ဒိုက်ယူ-၂၂ အသင်းတို့နှင့်လည်း မြန်မာလူငယ်အသင်းမှာ ထိုင်းနိုင်ငံသို့ သွားရောက်ခြေစမ်းခဲ့သည်။ ဇွန် ၁၇ ရက်က ကစားခဲ့သော ထိုင်းယူ-၂၂ အသင်းနှင့်ပွဲတွင် မြန်မာယူ-၂၂ အသင်းမှာ အမာခံကစားသမားများအသုံးပြုပြီး တိုက်စစ်မှူး ကျော်ကိုကို၏ ဟက်ထရစ်ဖြင့် အိမ်ရှင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သည်။ ဇွန် ၁၉ ရက်က ကစားခဲ့သော မော်လ်ဒိုက်ယူ-၂၂ အသင်းနှင့်ပွဲတွင်မူ မြန်မာယူ-၂၂ အသင်းမှာ အရန်ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားရသည်။ မြန်မာယူ-၂၂ အသင်း၏ ပြင်ဆင်မှုက လုံလောက်နေရာ ကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ နိုင်လိုစိတ်ပြင်းပြမှုနှင့် မြန်မာဘောလုံးပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုတို့ကို ပေါင်းစပ်လိုက်ပါက အာရှခြေစစ်ပွဲ အောင်မြင်နိုင်မည့် အနေအထားပင်ဖြစ်သည်။

အာရှယူ-၂၂ ခြေစစ်ပွဲဝင်မည့် မြန်မာအသင်း။

အာရှဘောလုံး အင်အားကြီး တောင်ကိုရီးယားအသင်းမှာမူ ခြေစစ်ပွဲအောင်မြင်ရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။ နည်းပြအဖြစ် တောင်ကိုရီးယားလူမျိုး ကင်တေယောင်က တာဝန်ယူထားပြီး ၂၀၁၂ လန်ဒန် အိုလံပစ်ပြိုင်ပွဲရှိနေသောကြောင့် အမာခံအချို့မပါလာနိုင်သော်လည်း အတောင့်တင်းဆုံးလူစာရင်းဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနက် ဇွန် ၁၈ ရက်က အစောဆုံးရောက်ရှိလာခဲ့ပြီး မြန်မာနိုင်ငံ၏ ရာသီဥတု၊ ကွင်းအနေအထားတို့နှင့် အသားကျစေရန် ကြိုတင်လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ မလေးရှားအသင်းမှာလည်း ၂၀၁၁ (၂၆)ကြိမ်မြောက် ဆီးဂိမ်းချန်ပီယံအသင်းဟု ဆိုရလောက်အောင် ယင်းအသင်းမှ ကစားသမား ၁၈ ဦး ပြန်ပါလာသည်။ နည်းပြမှာလည်း ဆီးဂိမ်းချန်ပီယံဖြစ်လာအောင် ကိုင်တွယ်ခဲ့သည့် ကင်ဆွီးကပင် ကိုင်တွယ်လာသည်။ ဟန်ဂေရီ၊ ဆလိုဗက်ကီးယားနှင့် တရုတ်တို့တွင် သွားရောက် လေ့ကျင့်ထားသည့် မလေးရှားအသင်းမှာ အာရှထိပ်တန်းအသင်းများနှင့် ခြေစမ်းခဲ့ရာတွင်လည်း ရလဒ်ကောင်းများ ရရှိခဲ့သည်။

ဗီယက်နမ်အသင်းကတော့ နောက်ဆုံးကစားခဲ့သည့် ခြေစမ်းပွဲနှစ်ပွဲစလုံးနိုင်ပွဲရရှိထားပြီး မော်လ်ဒိုက်ကို ငါးဂိုး-ဂိုးမရှိ၊ ထိုင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရထားသည်။ ဗီယက်နမ်အသင်းမှာ မြန်မာအသင်းနည်းတူ ထိုင်းနိုင်ငံတွင် လာရောက်ခြေစမ်းခြင်းလည်း ဖြစ်သည်။ ဗီယက်နမ်အသင်းတွင် ချက်ကလပ်စပါတာပရပ်ဂ်(၁) အသင်းမှာကစားသည့် ချက်နွယ်ဖွား မာ့ခ်ဟောင်ကွမ်ကို ခေါ်ယူလာကြောင်း သိရသည်။ ဖိလစ်ပိုင်အသင်းမှာမူ အမေရိကန်နိုင်ငံတွင် သွားရောက် လေ့ကျင့်ခဲ့သော်လည်း ခြေစမ်းပွဲရလဒ်များက အားရဖွယ်ရာမရှိပေ။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် ဇွန် ၂၃ ရက်မှ ဇူလိုင် ၃ ရက်အထိကျင်းပမည့် အာရှယူ-၂၂ ခြေစစ်ပွဲကို လက်ခံကျင်းပမည်ဖြစ်သော သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့ကို အဆင့်မြှင့်တင်ထားပြီး သုဝဏ္ဏကွင်း၏ ပွဲကြည့်စင်လေးဖက်စလုံးကိုလည်း ထိုင်ခုံများ တပ်ဆင်ပေးပြီးဖြစ်သည်။ အာရှယူ-၂၂ ခြေစစ်ပွဲကြီးအား အဆင့်မြင့်မားစွာကျင်းပနိုင်ရန် MFF က ဆောင်ရွက်ထားပြီး လာရောက်ကြည့်ရှုအားပေးသော မြန်မာ့ဘောလုံးပရိသတ်များ၏ အပြန်ခရီးအတွက်လည်း မ. ထ. သ နှင့် ညှိနှိုင်းကာ မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သတင်းစကားပါးလိုက်ရပါသည်။

ရီးယဲလ်မက်ဒရစ်က လူကာမိုဒရစ်အား ပေါင် သန်း ၃၀ ပေးရန် ပြင်ဆင်နေ

မက်ဒရစ် ဇွန် ၂၂

ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဂျို့စ်မော်ရင်ဟိုက ရာသီအကြိုကာလအတွင်း ကစားသမားဖြည့်တင်းရန် ပြောကြားခဲ့ပြီးနောက် စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်**(ယာပုံ)**အား ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ လူကာမိုဒရစ်သည် မန်ယူအသင်း၏ အဓိကပစ်မှတ်ထားနေသော ကစားသမားတစ်ဦးဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ၎င်းအား ခေါ်ယူရန် မန်ယူအသင်းနှင့်အပြိုင် မက်ဒရစ်သို့ရောက်ရှိရေး ကြိုးပမ်းမည်ဟု ဂျို့စ်မော်ရင်ဟိုက ဆိုခဲ့သည်။

မက်ဒရစ်သို့ ပြောင်းရွှေ့မည်ဆိုသည့် မိုဒရစ်သည် စပါးအသင်း၏ အပြောင်းအရွှေ့ ဈေးကွက်အတွင်း မန်နေဂျာအသစ်အတွက် ရန်ပုံငွေလည်း ပေးနိုင်မည်ဟုဆိုသည်။ လူကာမိုဒရစ်သည် စပါးအသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေသည်။ သို့သော် နည်းပြလက်မဲ့ဖြစ်နေသော တော့တင်ဟမ်ဟော့စပါးအသင်းသည် ခရိုအေးရှားကွင်းလယ်ကစားသမား မိုဒရစ်အား ဆုံးရှုံးရမည်ကို စိုးရိမ်နေသည်။ မိုဒရစ်ကမူ အကြောင်းပြချက်တစ်စုံတစ်ရာ ပြောကြားခြင်းမရှိဘဲ အသင်း ပြောင်းရွှေ့ရန်သာ ကြိုးပမ်းနေခဲ့သည်ဟု ဇွန် ၂၂ ရက် သတင်းတွင် ဖော်ပြသည်။

စပါးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကစားသမားဖြည့်တင်းမှုများလုပ်ဆောင်နေစဉ် အသင်း၏ အားထားရသည့် ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်ကိုလည်း အသင်းမှ မထွက်ခွာရေး ကြိုးပမ်းနေရသည်။ ကစားသမားပိုင်းတွင်သာမက နည်းပြဟယ်ရီရက်နက်ထွက်ခွာသွားပြီး နည်းပြလက်မဲ့ ဖြစ်ခဲ့ရသည့်အတွက် ချယ်လ်ဆီးအသင်း နည်းပြဟောင်း အန်ဒရီဗီလာဘိုအာ့စ်ကို ပစ်မှတ်ထားခဲ့ရသည်။

မည်သို့ပင်ဆိုစေ ရီးယဲလ်မက်ဒရစ်အသင်းကမူ လာမည့်ဘောလုံးရာသီတွင် အသင်းအောင်မြင်မှုရရှိရေး လူကာမိုဒရစ်အား ပေါင် သန်း ၃၀ ပေးရန် အသင့်အနေအထားတွင်ရှိနေကြောင်း နည်းပြမော်ရင်ဟိုက ဆိုသည်။

အင်တာနက်။

နိုင်လင်းကြည်

ရော်နယ်ဒို၏ တစ်လုံးတည်းသော ဂိုးဖြင့် ပေါ်တူဂီအသင်း ဆီမီးဖိုင်နယ်တက်

ဝါဆော ဇွန် ၂၂

ယူရို ၂၀၁၂ ကွာတားဖိုင်နယ် ပထမပွဲစဉ်ကို ယနေ့နံနက်ပိုင်းက ပိုလန်နိုင်ငံ နေရှင်နယ်စတေဒီယမ်ကွင်း၌ ချက်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ရော်နယ်ဒို၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ပွဲအစတွင် တစ်သင်းနှင့်တစ်သင်း အမှားမခံဘဲ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၂၄ မိနစ်တွင် ရော်နယ်ဒို၏ အဝေးမှကန်သွင်းမှုကို ချက်အသင်း ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ကွာတားဖိုင်နယ် ပထမပွဲစဉ်ဖြစ်သည့်အားလျော်စွာ ပထမပိုင်းပြီးသည့်အထိ ဂိုးမသွင်းနိုင်ဘဲ သရေဖြင့်သာ ပြီးဆုံးသွားခဲ့သည်။ ပေါ်တူဂီအသင်းအတွက် ထိုးနှက်ချက်တစ်ခုမှာ ပွဲချိန် ၃၇ မိနစ်တွင် ပေါ်တူဂီအသင်း၏ တိုက်စစ်မှူး ပေါ်စတီဂါ ဒဏ်ရာရသွားခြင်းပင်ဖြစ်သည်။

ဒုတိယပိုင်းတွင် ချက်အသင်းသည် ပေါ်တူဂီအသင်း၏ တိုက်စစ်ဆင်မှုကိုသာ ခုခံကာကွယ်နေရသည်။ ပွဲချိန် ၅၇ မိနစ်တွင် နာနီ၏ ကန်သွင်းမှုကို ချက်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် အယ်လ်မိုင်ဒါ လွတ်လွတ်ကျွတ်ကျွတ်ခေါင်းတိုက် ခွင့်ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ပေါ်တူဂီအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထိုဂိုးကို မော်တင်ဟို၏ ဖန်တီးပေးမှုမှတစ်ဆင့် ရော်နယ်ဒိုက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ချက်အသင်းသည် ပေါ်တူဂီအသင်းကို တိုက်စစ်ဆင်ကစားနိုင်ခြင်းမရှိဘဲ ခံစစ်အသွင်သာရှိနေသည်။ ပွဲချိန် ၈၂ မိနစ်တွင် ပီယဲရား၏ အဝေးမှ ကန်သွင်းမှုကို ချက်ဂိုးသမား ကာကွယ်သွားနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပေါ်တူဂီအသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

ပေါ်တူဂီအသင်းမှ ရော်နယ်ဒိုနှင့် ချက်အသင်းမှ ကက်ဒ်လက်တို့ ဘောလုံးယှဉ်လုစဉ်။

မောင် မောင် ဇော်

မင်္ဂလာညော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးအောင်ဒင် (ဓာတ်ပုံသတင်းထောက်)-ဒေါ်မြဝင်း(မြသဇင် ကဖီး)တို့၏ရင်သွေး
ဂုဏ်ထူးဦးသိန်းနိုင်(ဂုဏ်ထူးမြန်မာစာ)-ဒေါ်ကြည်ကြည်တင်
(ဂုဏ်ထူးဦးသိန်းနိုင်ဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း)
တို့၏သား

ဒေါက်တာ ဖြိုးအောင်နိုင်

M.B.,B.S(Ygn)

နှင့်

ရန်ကုန်မြို့နေ ဦးစိုးဆန်း (M.D, Kyae Pyan Co.,Ltd.)- ဒေါက်တာ ဒေါ်ခင်မမ
တို့၏သမီးကြီး

ဒေါက်တာခင်သီတာမွန်

M.B.,B.S (Ygn)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၉၃)၊ မြောင်းကြီးလမ်း၊ ပိန္နဲကုန်းရပ်ကွက်နေ (ဒေါ်ခင်ထွေး)၏ ခင်ပွန်း၊ (ဦးဘိုးဝိတ်-ဒေါ်သန်ရင်)တို့၏ သား၊ ဦးသန်းစိန်(ဦးစီးအရာရှိ၊ လဝက၊ ချင်းပြည်နယ်မှူးရုံး)၊ ရဲမှူးဒေါ်ကြည်ကြည်ညွန့် (ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)၊ ဒေါ်နွဲ့နွဲ့အေး(စီမံ/ငွေစာရင်းတာဝန်ခံ၊ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး၊ အင်းစိန်)၏ ကျေးဇူးရှင်မွေးသဖခင် ဦးမောင်မောင်အေးသည် ၂၂-၆-၂၀၁၂ ရက် မွန်းလွဲ ၂း၁၀ နာရီတွင် သီရိစန္ဒာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၂(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

Pu Sing Za Ngo
(Buanman)
အသက်(၈၂)နှစ်
(Topa Tawh Mang Khawm)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘွမ်မံရွာနေ (Pu Son Mang-Pi Khup Cing) တို့၏ သားထွေး၊ ခေါ်ဆရွာနေ (Bo Thang Cin-Pi Ngiak Mang) တို့၏သားသမက်၊ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၄)၊ အမှတ်(၆/၈)၊ အခန်း(၆-ခ)နေ Nu Ciang Pum ၏ ချစ်လှစွာသောခင်ပွန်း၊ (Nu Mang Khan Dim @ Dimtak)-Pa Thuan Khan Dal, Nu Cing Pum Niang @ Niangno-(U Zaw Aung), U Mang Khan Za Cin @ Mangpu, Pa Cin Khan Pum @ Bokyin-Nu Man Suan Hung, U Nang Khan Do @ Nangpeak တို့၏ကျေးဇူးရှင်မွေးသဖခင်၊မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၂-၆-၂၀၁၂ ရက် နံနက် ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၆-၂၀၁၂(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။[အမှတ်(၁၅၂)၊ ဗိုလ်မြတ်ထွန်းလမ်း၊ စီးယင်းချင်းနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းနှင့် နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရဆရာဦးစောနိုင်
သင်းအုပ်၊ခရစ်တော်၏အသင်းတော် ကူရှင် အထက(၄)အလုံ၊အလက(၃) မရမ်းကုန်း၊ဒလ(ယခင်ကျောင်းဆရာ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ အမှတ်(၁)၊ ဗဟိုလမ်းနေ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ (ဆရာဦးဆွေမြင့်နိုင်)၊ ဦးအောင်မြတ်နိုင်-နော်နိုရီယာဂျွန်၊ ဦးသီဟန်နိုင်တို့၏ ဖခင်၊ ကျော်ဆက်ခန့်နိုင်၊ ခင်နှင်းဆုသွေးတို့၏ အဘိုးသည် ၂၀-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၃-၆-၂၀၁၂(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ခရစ်တော်၏ အသင်းတော်၊ ဗဟိုလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၌ ဝတ်ပြုဆုတောင်းပြီး၊ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဒေါက်တာဆန်းဝင်း(၆၆)နှစ်
(မြို့နယ်ဆရာဝန်ကြီး-ငြိမ်း၊ ပဲခူးတိုင်းဒေသကြီး)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၃၁)နေ (ဦးထွန်းခင်-ဒေါ်အုန်း)(ဒလ)တို့၏ သားကြီး၊ (ဦးသာဟန်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်တင်တင်လတ် (အထက-၄၊ တာမွေ၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးမင်းဇော်-မပွင့်ဖြိုးဆန်း(USA)တို့၏ ဖခင်၊ ဦးတင်ထွန်း-ဒေါ်ထားကြည်တို့၏မောင်၊ ဦးခင်မောင်အုန်း-ဒေါ်အမာဆွေ၊ (ဗကဝင်းမောင်)-ဒေါ်ရီရီလွင်၊ (ဒေါ်နုနုရီ)၊ဒေါ်စန်းစန်းနု၊ဦးမျိုးသိန်းဝင်း(2E)-ဒေါ်ခင်ခင်မြင့်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၁-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၂ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးခင်မောင်မြင့်(၆၇)နှစ်
(မိုးကုတ်)

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ(ဦးဘမြိုင်-ဒေါ်သက်တင်)တို့၏သား၊ ပိတ်စွယ်ရပ်နေ (ဦးထွန်းလှိုင်-ဒေါ်အေး)တို့၏ သားသမက်၊ မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဦးမြင့်မောင်-ဒေါ်ခင်မြင့်ရွှေတို့၏ မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၄၉)၊ ငါးလွှာ၊ အခန်း(A)နေ ဒေါ်တင်တင်အုံး၏ ခင်ပွန်း၊ ကိုဟန်ဝင်းခိုင်-မဇင်သီတာမြင့်၊ ကိုတင်လေးနိုင်-မကြေးမုံမြင့်၊ ကိုဝင်းမင်းထွတ်၊ ကိုသော်တာထွတ် တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုအောင်မြင်-မသန်းဌေးတို့၏ ဦးလေး၊ မောင်ရဲရင့်ဝင်း(ပ-နှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မောင်ကောင်းခန့်ခိုင်(Grade(8)M-T.T.C)၊မမေဟန်နီနိုင်(အထက-၁၊မိုးကုတ်)၊ မောင်ထက်မြက်နိုင်(ရှမ်းတော အလက(၁)မိုးကုတ်)၊ မောင်မင်းစွမ်းပိုင်(မူလွန် အမက-၃၊ဗဟန်း) တို့၏ အဘိုးဦးခင်မောင်မြင့်သည် ၂၂-၆-၂၀၁၂(သောကြာနေ့)၊ နံနက် ၀၀း၃၀ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၂(တနင်္ဂနွေနေ့)၊ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးခင်မောင်မြင့်(၆၇)နှစ်
(မိုးကုတ်)

ရန်ကုန်မြို့နေ ဒေါ်ထားကြည်၊ ဒေါ်ထားရီ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်တင့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်မြင့်ကြည်၊ ဦးခင်မောင်အေး-ဒေါ်သန်းနု၊ ဒေါ်ခင်မာမာ၊ ဦးဇော်လင်း-ဒေါ်ကြည်ကြည်ဝင်း၊ မိုးကုတ်မြို့နေ ဦးညီညီ-ဒေါ်ခင်မြင့်၊ ဦးသိန်းထွန်း-ဒေါ်ခင်မူမူ၊ ဦးဌေးအောင်-ဒေါ်ဌေးဌေး၊ ဦးပြုံးချို-ဒေါ်လှလှဝင်း၊ ဒေါက်တာစိုးတင်-ဒေါ်သန်းသန်းအေးတို့၏ ညီ/မောင်၊ အစ်ကို၊ ပါမောက္ခ ဒေါက်တာဇေယျာထွန်း-ဒေါ်သန်းသန်းဌေးနှင့် တူ/တူမ ၃၀ ယောက်တို့၏ ဦးလေး ဦးခင်မောင်မြင့်သည် ၂၂-၆-၂၀၁၂(သောကြာနေ့)၊ နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၂(တနင်္ဂနွေနေ့)၊ နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။
ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးအောင်သာ
(ကြည်း-၄၀၂၈၅) D.S.A(47)
အသက်(၂၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်(တောင်)ရပ်နေ ဦးအောင်ဝင်း(မြို့နယ်မန်နေဂျာ၊ စိုက်/ဘဏ်-ငြိမ်း)-ဒေါ်ရီရီမြင့်(ခ)ဒေါ်တူးတူး (မြေစာရင်းရုံး-ငြိမ်း)တို့၏ သား၊ မအိဖြူအောင်၊ မသက်စုအောင်၊ မစမ်းရေအောင်တို့၏ မောင်၊ မောင်ထက်အောင်၏ အစ်ကို ဗိုလ်ကြီးအောင်သာသည် ၁၉-၆-၂၀၁၂(အင်္ဂါနေ့) ည ၁၁ နာရီတွင် မိတ္ထီလာတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၂(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာစစ်သင်္ချိုင်း၌ စစ်အခမ်းအနားဖြင့် သဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဟုတ်(၈၇)နှစ်
(ပရိဘောဂ-ညောင်တုန်း)

ညောင်တုန်းမြို့၊ ဗိုလ်ချုပ်လမ်းထိပ်နေ (ဦးရိုန်-ဒေါ်ကျင်ရွှေ)တို့၏သား၊ (ဒေါ်ခင်ဝင်း)၏ ခင်ပွန်း၊ ကိုဝေထွန်းဦး၊ ကိုကြည်စိုး-မစီစီလှိုင်တို့၏ ဖခင်၊ မမြတ်ဆုစံသူ၊ မောင်ဇဝနတို့၏ အဘိုးသည် ၂၂-၆-၂၀၁၂ (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၂(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်နီလာရွှေ (၅၃)နှစ်
(သန်လျင်၊ အထက-၂)
(သုဝဏ္ဏအထကကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တိုက်(၁၅၀/၅)၊ သန္တာလမ်း၊ (၂၄)ရပ်ကွက်နေ (ဦးလှရွှေ)-ဒေါ်လှတင်တို့၏ သမီးငယ်၊ (ဦးတင်-ဒေါ်လှလေး)တို့၏သမီးချွေးမ၊ ဦးညဏ်ိန္ဒ (ဆားတောင်) ၏ အစ်မ၊ ဦးဝိလာသက္က (ကျတ်ခတ်ဝိုင်း)၏ ရဟန်းမယ်တော်၊ ဦးညွန့်ဆွေ(3/E.FG)၏ ချစ်လှစွာသော ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်ခင်ဝင်း၊ ဦးသန်းဆွေ-ဒေါ်သန်းသန်းမြင့်၊ (ဦးစိုးမြင့်နိုင်)-ဒေါ်ခင်မမကြီးတို့၏ ညီမ/အစ်မ၊တူ/တူမငါးယောက်တို့၏ အဒေါ် ဒေါ်နီလာရွှေသည် ၂၂-၆-၂၀၁၂ (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၂ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုမင်းဇော်မိုး(ခ)မင်းမင်း
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကုန္တာသယလမ်း၊ အမှတ်(၆၃)၊ (သုံးလွှာ-B)နေ ဦးသန်းစိန်-ဒေါ်တင်တင်ဝင်းတို့၏သားငယ်၊ ကိုသိန်းဇော်မိုး(HUB Line) - မနွယ်နီအောင်တို့၏ တစ်ဦးတည်းသောညီ ကိုမင်းဇော်မိုး (ခ) မင်းမင်းသည် ၂၁-၆-၂၀၁၂ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်လှအုံး (၈၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စုပေါင်းရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၄)နေ ဦးသိန်းဌေး(ဒု-မြေတိုင်းညွှန်ချုပ်-ငြိမ်း)၏ ဇနီး၊ ဦးကျော်တင့်-ဒေါ်တင်မာဌေး (အမရပူရ)၊ (ဒေါက်တာမင်းသိန်း)၊ ဒေါက်တာဝင်းသိန်း၊ ကိုမြင့်သိန်း၊ ဒေါက်တာလှလှဌေး-(Dr. Reddy's)၊ မမြမြသိန်းတို့၏ မိခင်၊ မောင်ရန်နောင်ဦး(MMU)၊ မေပုံ့ပုံ့ကျော် (နောက်ဆုံးနှစ်အပိုင်း-ခ၊ မန္တလေးဆေးတက္ကသိုလ်)၏ အဘွားသည် ၂၂-၆-၂၀၁၂ ရက် နံနက် ၇း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဒေါ်လှကြည်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၂၇)၊ (၆ ဘီ)နေ (ဦးဟန်ထွန်း-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးကျော်လှိုင်-ဒေါ်ခင်ရွှေ)တို့၏သမီးချွေးမ၊ (ဦးမြင့်သန်း)၏ဇနီး၊ (ဦးလှကြိုင်)-ဒေါ်ရီ ဒေါ်မြမြသိန်းတို့၏ ညီမ၊ (ဦးတင်သောင်း)-ဒေါ်နန်းအေး၊ ဦးခင်ညီ-ဒေါ်မြအေးတို့၏အစ်မ၊ မဥမ္မာသန်း၊ မတင့်လေးခိုင်(MPPE)၊မောင်ဖြိုးကျော်ကျော်(MOGE)၊ မတင်မိုးသော်တို့၏ မွေးသမိခင်သည် ၂၀-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၂(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ် လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၂ (အင်္ဂါနေ့)တွင် အမှတ်(၂၇)၊ ၆/ဘီ၊ မြောင်းမြလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

မိုးကုတ်အသင်း
ဦးခင်မောင်မြင့် (၆၇)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးဘမြိုင်-ဒေါ်သက်တင်)တို့၏သား၊ အမှတ် ၄၉ ငါးလွှာ မြေနီကုန်းဈေးလမ်းနေ ဒေါ်တင်တင်အုန်း၏ ခင်ပွန်းသည် ၂၂-၆-၂၀၁၂ (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၂ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/သားများပို့ဆောင်ကြပါရန်။
အမှုဆောင်အဖွဲ့

ဒေါ်သန်းညွန့်(တိုက်ကြီး)
အသက်(၈၇)နှစ်
အလယ်တန်းပြဆရာမ(ငြိမ်း)
မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)

တိုက်ကြီးမြို့၊ ရှမ်းဘက်(၂)လမ်းနေ (ဦးစံမြင့်-ဒေါ်အေးဖြူ)တို့၏ သမီး၊ (ဦးထွန်းအောင်-ဒေါ်နီ)၊ (ဦးရွှေမောင်)-ဒေါ်ခင်သိန်း၊ (ဦးထွန်းလှိုင်-ဒေါ်အေးမ)၊ (ဒေါ်သောင်းညွန့်)တို့၏ ညီမ၊ ဦးသန်းဆွေ(ညွှန်ချုပ်-ငြိမ်း၊ ကြေး/မြေ)-ဒေါ်ခင်မိမိ၊ ဦးမင်းသိမ်း-ဒေါ်ခင်တင့်တို့၏ အစ်မ၊ (ဗိုလ်ကြီးထင်အောင်)-ဒေါ်လေးနွယ်၊ ဗိုလ်ကြီးမေအောင်(ငြိမ်း)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ရည်ရည်ဝင်း(အလပြ-ငြိမ်း)တို့၏ မိခင်သည် ၂၂-၆-၂၀၁၂ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၂ ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု

ရဟန်း၊ဒါယိကာမကြီး
ဒေါ်သန်းနု(၈၅)နှစ်
(မူ/အုပ်-ငြိမ်း)၊ (ညောင်ဝိုင်း၊ အ. မ. က)
ကျောက်တန်းမြို့နယ် အာစရိယပူဇော်ပွဲကန်တော့ခံ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၉)နေ (ဦးဘသန်း-ဒေါ်သောင်းနွယ်-ဒေါ်သောင်းညွန့်)တို့၏ သမီး၊ (ဦးတင်ရွှေ)၏ ဇနီး၊ (ဦးကြည်ဝင်း)-ဒေါ်စန်းစန်းနွဲ့၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဟန်၊ ဦးဟန်သာ-ဒေါ်ခင်နွယ်၊ (ဦးဝင်းဆွေ)-ဒေါ်လှလှသိန်းတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၁-၆-၂၀၁၂ (ကြာသပတေးနေ့)၊ ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၂ (စနေနေ့)၊ မွန်းလွဲ ၂ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(သန်လျင်မြို့ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ဒေါ်ခင်မာဝေ(ခ)ဒေါ်ကစ်တီအောင် B.A (Hist;)
အသက်(၆၀)

မန္တလေးမြို့၊ ချမ်းသာရထန်းမြင့်ရပ်နေ ဦးတင့်-ဒေါ်သိန်းတို့၏မြေး၊ ဒေါ်စိန်စိန်၊ ဦးစိန်-ဒေါ်မြမြ၊ ဦးဆောင်တိုင်းမြောက်၊ ဦးလိုတိုင်းရ-ဒေါ်တင်တင်သော်၊ ဦးတတိုင်းမွှေး၊ ဦးထင်တိုင်းပေါက်-ဒေါ်ရီစီတို့၏ တူမ၊ ပလိုင်းရပ်နေ ဦးကြံတိုင်းအောင်-ဒေါ်လှလှမြိုင် တို့၏သမီး၊ (၃၆)လမ်းနှင့် (၆၉)လမ်းထောင့်၊ စည်ပင်(D-၇)နေ ဦးစောထွေးအောင်-ဒေါ်လှလှဝင်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်အေးအေးအောင်၊ မခင်စန္ဒာအောင်တို့၏ အစ်မကြီး၊ ကိုမိုလာ-မမျိုးမျိုးသီ၊ ကိုမျိုးမင်းသူ-မဝေသဲညာ ထွန်း၊ မတင်မမအောင်၊ မောင်မြင့်မြတ်အောင်၊ မောင်ရဲရင့်အောင်၊ မောင်ချစ်သွေးအောင်တို့၏ အဒေါ်၊ မအေးချမ်းမိုး၊ မောင်ဂျူမို၊ မောင်ဖောင်းဖောင်းတို့၏ အဘွား သည် ၁၉-၆-၂၀၁၂(အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၂(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ပလိုင်းရပ်နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမိုဟာမက်အလီခန်း(ခ)ဦးမြင့်ခိုင်
4th Year, BE (Civil) RIT
အသက်(၅၈)နှစ်

မန္တလေးမြို့၊ (၂၄)လမ်း၊ ဒါးတန်းရပ်နေ (ဦး M.Y ခန်း-ဟာဂျီမဒေါ်ဘန်ဒီ)တို့၏ သား၊ ဒေါက်တာမိုးမိုးခိုင်(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန-ငြိမ်း)၊ ဟာဂျီဦးကိုကိုကြီး(ယခင် M.Y.K လျှပ်စစ်)၊ ဦးမောင်မောင်(ခ)ဦးဂျော့ခန်း(ယခင် M.Y.K လျှပ်စစ်)၊ ဒေါ်နွယ်နွယ်အောင်(လ/ထ၊ ထွေ/ဂျာ-ငြိမ်း၊ စက်မှု၊ အထည်)တို့၏ ညီ/မောင်၊ ဒေါက်တာအလီအက္ကဘားခန်း(ခ)ဦးတင်မောင်ထွေး (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၏ အစ်ကိုသည် ၁၈-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၂ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး ယင်းနေ့ ဇုဟ်ရ်နမားဇ်အပြီး နေအိမ်မှ ကြာနီကန် ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာပြီးစီးပါကြောင်းနှင့် မကျန်းမာစဉ် ဆေးကုသပေးသော ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

နော်ထူးသွဲ့(ခ)ဒေါ်ခင်
အသက်(၇၃)နှစ်
(ကျူံဒိုး၊ ကော့ကရိတ်)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၈၂၇)နေ ဦးတင်လှိုင် (ကြယ်ငါးပွင့်-ငြိမ်း)၏ ဇနီး၊ ဦးသန်းဌေး-ဒေါ်ရီရီတင်၊ ဦးကျော်နိုင်-ဒေါ်ဖြူဖြူသွင်တို့၏ မိခင်၊ မြေးကိုးယောက်တို့၏ အဘွား နော်ထူးသွဲ့(ခ)ဒေါ်ခင်သည် ၂၀-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၂(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျောက်တန်းမြို့၊ အနောက်ပိုင်းသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဒိလ်မိုဟာမွဒ်
အသက်(၆၇)နှစ်
ဒိုးတန်းကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း၊ မောင်တောမြို့နယ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒိုးတန်းကျေးရွာနေ ဦးအာဒူရှုကွာရ်၏ သားဦး ဦးဒိလ်မိုဟာမွဒ်အသက်(၆၇)နှစ်သည် ရန်ကုန်မြို့သို့ လာရောက်ဆေးကုသမှုခံယူစဉ်တွင် ၁၉-၆-၂၀၁၂ ရက် နံနက် ၆း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ဇုဟုရ်နမာဇ်အပြီး ဂျာနာဇာနမာဇ်ဝတ်ပြုပြီး ရေဝေးကဘာရ်စတန်၌ ဒါဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း။မဂ်ဖရည်အတွက် ဆုတောင်းမှုဒိုအာပြုပါရန် အသိမိတ်ဆွေများ၊ဆွေမျိုးများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၁၁) မြေညီနေ (ဗိုလ်မှူးဖေမြင့်-ငြိမ်း)၏ဇနီး၊ ဒေါက်တာနေဝင်း-ဒေါက်တာနွယ်နွယ်မြင့် (ခေတ္တ ဘရူနိုင်း)၊ ဦးအေးဖေမြင့်-ဒေါ်အေးမမ၊ ဦးကြီးဖေမြင့်-ဒေါ်တင်စိန်၊ (ဦးကိုကိုနိုင်)-ဒေါ်နီလာမြင့်၊ ဦးဇင်ဦး-ဒေါ်မိမိမြင့်၊ ဦးမြင့်စိုးမင်း-ဒေါ်ရူပါမြင့်၊ (ဦးမြင့်ဆွေ)-ဒေါ်စပယ်မြင့်တို့၏မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၁-၆-၂၀၁၂ (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၂ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။(နေအိမ်မှကားများနံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မေသန်း(ခ)မချို
အသက်(၅၆)နှစ်

(ဦးသန်းမောင်-ဒေါ်အေးညွန့်)တို့၏ သမီး၊ (ဦးစု-ဒေါ်အမာ)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်စု(ရီရှင်းကုမ္ပဏီ)၏ ဇနီး၊ မောင်သက်မင်းစု၊ မေပြည့်စုံစုတို့၏ မိခင်၊ မောင်မင်းဟိန်းခန့်၏ အဘွား ဒေါ်ခင်မေသန်း(ခ)မချိုသည် ၂၁-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၂ ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R/184

၂၀၁၂-၂၀၁၃ ခုနှစ် ရည်မှန်းချက်တာဝန်များ ယခင်နှစ်ထက် အောင်မြင်အောင်ဆောင်ရွက် မိမိတို့ဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရန်လို

နေပြည်တော် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပညာရည်ချန်ဆု၊ ပညာသင်စရိတ်နှင့် ဗလာစာအုပ်များပေးအပ်ချီးမြှင့်ကာ ကဏ္ဍအလိုက် ဆုရရှိသည့်စက်ရုံများ၊ ထူးချွန်ဆု ရရှိသူဝန်ထမ်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးအား ပညာရည်ချန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆုရဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ၊ **စာမျက်နှာ ၅ ကော်လံ ၁သို့**

အသေးစားဌေးကြေးလုပ်ငန်းလုပ်ကိုင်နေသည့် အဖွဲ့အစည်းများစွာရှိ ဥပဒေနှင့်အညီ စနစ်တကျ လိုင်စင်လျှောက်ထား၍ လုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

အသေးစား ပုဂ္ဂလိကဌေးဌေးချေး လုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အသေးစားပုဂ္ဂလိက ဌေးဌေးချေး လုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီ (၃/၂၀၁၂)ကြိမ်မြောက် အစည်း အဝေးတွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

အသေးစားပုဂ္ဂလိက ဌေးဌေးချေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(၃/၂၀၁၂)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစားပုဂ္ဂလိက ဌေးဌေးချေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ယနေ့အထိ အဖွဲ့အစည်း ၂၀ ကို အသေးစားဌေးရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များခွင့်ပြုခဲ့ကြောင်း၊ အသေးစားဌေးရေးကြေးရေးလုပ်ငန်းဆောင်ရွက်သူသည် ခေတ်မီ ICT နည်းပညာများ ကျယ်ပြန့်လာသည့်အလျောက် လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်ပိုမိုကျယ်ပြန့်လာမည် ဖြစ်ကြောင်း၊ လုပ်ငန်းနယ်ပယ် ကျယ်ပြန့်လာသည်နှင့်အမျှ အသေးစားဌေးရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၏ **စာမျက်နှာ ၅ ကော်လံ ၅ သို့**

ကြော်ငြာစာမျက်နှာ လေးမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ လေးမျက်နှာ အပိုပါရှိပါသည်။

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၃၁/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ချင်းပြည်နယ်လွှတ်တော်

(၁) ကြည်း ၂၈၂၆၇ ဗိုလ်မှူးသက်လွင် (အစား) ကြည်း ၃၄၇၂၄ ဗိုလ်မှူး/ဗိုလ်ကြီးတင်အောင်မိုး

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

(၂) ကြည်း ၃၃၄၈၃ ဗိုလ်မှူးအောင်ဇေဒြိမ်း (အစား) ကြည်း ၂၁၀၈၂ ဗိုလ်မှူးကျော်မင်းထွန်း

စာမျက်နှာ ၅ ကော်လံ ၂ သို့

အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော CATERPILLER အမျိုးအစား (1.8) MVA ဓာတ်အားပေးစက်ခြောက်လုံး မြန်မာ့စက်မှုဆိပ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် ဇွန် ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဆွေသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်း၌ အင်ဒိုနီးရှားနိုင်ငံမှတစ်ဆင့် သင်္ဘောဖြင့်တင်ဆောင်လာသော ဓာတ်အားပေးစက်ခြောက်လုံး ရောက်ရှိလာမှုနှင့် ဓာတ်အားပေးစက်များအား စက်ယန္တရားများဖြင့် သင်္ဘောပေါ်မှသယ်၍ မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို အနီးကပ်ကြီးကြပ်စစ်ဆေးဆောင်ရွက်သည်။

မြန်မာ့စက်မှုဆိပ်ကမ်း၌ အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော CATERPILLER အမျိုးအစား (1.8) MVA ဓာတ်အားပေးစက်ခြောက်လုံးရောက်ရှိလာမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆိုပါမီးစက်ခြောက်လုံးသည် မြန်ရွှေပြည်ကုမ္ပဏီ (MSP Tractors Pte., Ltd.)က တင်သွင်းသည့် အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော CATERPILLER အမျိုးအစား (1.8) MVA ဓာတ်အားပေးစက်များ ဖြစ်ကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁-၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အထက-၂၊ မင်္ဂလာဒုံမှ ခုံအမှတ် ဆမဒ-၅၃၄ဖြင့် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့ပါသော တူမလေး **မဝတ်ရည်သုန်** အထက-၂၊ မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်း) အတွက် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။

လေးသိန်းလွင်-အန်တီခင်လေးရီ

လေးနိုင်-အန်တီနီလာမော်

ဂုဏ်ယူဝမ်းမြောက်

ဦးမောင်မောင် (ဦးစီးအရာရှိ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ဆည်မြောင်းရုံး)-ဒေါ်ခင်သန်းတို့၏ သား **မောင်အောင်ကောင်းမြတ်** တက္ကသိုလ်ဝင်စာမေးပွဲကို ခုံနံပါတ် မလ-၂၆၂ ဖြင့် ငါးဘာသာဂုဏ်ထူးကို ထိုက်တန်စွာရရှိခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းသာစွာ ဂုဏ်ပြုအပ်ပါသည်။

သိဂီ၊ စန္ဒာ၊ သန္တာ (သူငယ်ချင်းတစ်စု)

(ခေတ္တ-မလေးရှား)

ဝင်း-သစ်မှု

Mandalay Law Academy

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းသင်တန်း

Real Estate Business Course

Language Lab System

အမြန်ပြုပြင်/တပ်ဆင်ပေးသည်။

PEACE WORLD - Ph: 09 550 4740

ရေတော်ဝင်

NAING Group Construction Co.,Ltd.

(ပြည်တွင်း၌သာ ခန့်ထားရန်)

နိုင်ဂရုပ်(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ခေတ်မီအဆင့်အတန်းမြင့် မိသားစုလူနေမှုဘဝ ပိုင်ဆိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် အနာဂတ်၏စီးပွားရေး ဗဟိုအချက်အချာနေရာများတွင် (၁၂)ထပ်နှင့်အထက် အဆင့်မြင့်အိမ်ရာစီမံကိန်းများဖြစ်ကြသည့် ကွန်ဒိုမီနီယံနှင့် မော်ဒန်အဆောက်အအုံများကို မတူညီသည့်ပုံစံဖြင့် ဆောက်လုပ်လျက်ရှိရာ အရည်အချင်းပြည့် ကျွမ်းကျင်ဝန်ထမ်းများကို ကောင်းမွန်သောလစာ၊ အခြားခံစားခွင့်များနှင့်အတူ လက်တွဲခေါ်ဆောင်ရွက်ကြရန် အောက်ပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

(၁) **Project Engineer** ကျား (၃)ဦး

M.E/B.E/A.G.T.I(Civil)ဖြစ်ရမည်။ အထပ်မြင့်ကွန်ဒိုမီနီယံနှင့် မော်ဒန်အဆောက်အအုံ ဆောက်လုပ်ခြင်း အတွေ့အကြုံ(၅)နှစ်အထက်ရှိရမည်။ Projectတစ်ခုလုံးကို ဦးစီးဆောင်ရွက်နိုင်ရမည်။ Working Scheduleနှင့်အညီ ဆောင်ရွက်နိုင်ရမည်။ နိုင်ငံတကာ အတွေ့အကြုံရှိသူများ ဦးစားပေးမည်။

(၂) **Electrical Engineer** ကျား (၂)ဦး

B.E/B.Tech/A.G.T.I(EP)ဖြစ်ရမည်။ (၈)ထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံများတွင် ဆောက်လုပ်ခြင်းမီးသွယ်တန်းခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၅)နှစ်အထက်ရှိရမည်။

(၃) **Water Supply & Sanitation Engineer** ကျား (၂)ဦး

B.E/B.Tech/ A.G.T.Iဘွဲ့ရရှိသူဖြစ်ရမည်။ (၈)ထပ်နှင့်အထက် အထပ်မြင့် အဆောက်အအုံများတွင် ရေပိုက်သွယ်တန်းခြင်းနှင့် မိလ္လာလုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်ရှိရမည်။

(၄) **Site Manager/Site Supervisor** ကျား (၅)ဦး

ဘွဲ့ရဖြစ်ရမည်။ အသက်(၃၅)နှစ်အထက်ဖြစ်ရမည်။ (၈)ထပ်နှင့်အထက် အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခြင်း အတွေ့အကြုံရှိရမည်။ Site တစ်ခုလုံးအား စီမံခန့်ခွဲအုပ်ချုပ်နိုင်သူဖြစ်ရမည်။

(၅) **Chief Accountant** မ (၂)ဦး

B.Com (သို့) CPA (သို့) Diploma in Accounting စာရင်းကိုင်လက်မှတ်ရှိသူဖြစ်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက် ရှိသူဖြစ်ရမည်။ စက်ရုံလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲလျက် CV Formကို အောက်ပါလိပ်စာသို့ အမြန်ဆုံးလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၁၀၇/၁၂၇)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၂၄၈၀၈၂၊ ၃၈၁၇၀၇၊ ၃၇၅၀၄၁(လိုင်းခွဲ-၇၃၀)

e-mail:naingroup.h.r@gmail.com

GETC

June, July လ တန်းခွဲသစ်များ စုံစမ်းလျှောက်ထားနိုင်ပါပြီ

- Foundation English Program
- Basic English
- 4 Skills + Grammar & Vocabulary
- General English
- Communicative English
- IELTS
- Grammar & Usage

ဖုန်း: 537895, 503162

www.getclanguageschool.com

နှင်းဆီကုန်း

DENTAL

Value For the Money, One Stop Dental Services

ပျောက်ဆုံးခြင်း

EASTERN LIGHT INTERNATIONAL CO.,LTD၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-(ထသက-၂၇၄၂၉)ရက်စွဲ ၁၀-၂-၂၀၁၂ မူရင်းကတ်ပြားမှာ၄-၆-၂၀၁၂ရက်နံနက် ၁၀နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။ **ဖုန်း-၂၀၃၀၂၃**

အမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့နေ ကျွန်မ၏ သမီးဖြစ်သူ မနွယ်နီထွန်း [၁၂/သလန(နိုင်)၀၀၇၈၂၆]သည် မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ခဲ့ပြီး မိမိ၏ဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေရေးကြေးရေးနှင့် ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများအား လုံးဝ(လုံးဝ) တာဝန်မယူပါ။ **မိခင်-ဒေါ်သန်းသန်းမြ [၁၂/သလန(နိုင်) ၀၀၃၆၈၂]**

အိမ်ရောင်းမည်

မြောက်ဒဂုံ၊ (၄၁)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာအနီး လမ်းသန့်၊ လမ်းအဝင် အထွက်ကောင်းသည်။ ပေ(၄၀×၆၀) ဂရန်မြေ၊ ရေ၊ မီးအစုံ ၁ထပ် R.C၊ 2MBR၊ 1BR၊ 3 A.C၊ 2Reg ပြင်ဆင်ပြီး အရန်သင့်နေနိုင်ပါသည်။ 1260 L (ညှိနှိုင်း)

ဖုန်း-၀၉၇၃၀၄၆၂၆၂

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁-၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အထက(၁) ဒဂုံမှ ခုံအမှတ် ဆဒဂ (၄၈၅)ဖြင့် (၆)ဘာသာဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သော အဖျောက်မြို့နေ (ဦးလင်တွမ်း-ဒေါ်ရှုဝါ) တို့၏မြေး ကိုအောင်သန်း(ခ)ကိုအန်းကောက်-မအေးအေးသွင်တို့၏ သား မောင်ကောင်းမြတ်ဝင်း(ခ)တူတူအတွက် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်နေရပါသည်။

LNT မိသားစု

အဖျောက်မြို့

ပိုင်ရှင်ကိုယ်တိုင်

ရောင်းမည်

Celsior, ဝစ္စည်းစုံ၊ grade မြင့်၊ 4 B သိန်း ၂၅၀
Crown, 2004 mdl, 32000km, 4B သိန်း ၃၅၀
Insight, 2009mdl, 17000km, 5A သိန်း ၂၂၀

ဖုန်း-၀၉၅၁၂၄၃၆၅

EXCELLENT အနုပညာသင်တန်းကျောင်း

(ဓါတ်ပုံ၊ဗီဒီယို၊ဂရပ်ဆတည်းဖြတ်)

တေးရေးတေးဆို၊ ကီးဘورတ်(Audio Music)

ဂစ်တာ+Note Drum, ဘန့်ရာဒ၊ တယော၊ မြန်မာအကချိန်ခုံ

ဒီဇိုင်းဆွဲခြင်း

09 5121 467,09 42100 5353 , 01 513 762

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁ ပမာဏ၊ မြေကွက်အမှတ်-၅၂ မြေကွက်တည်နေရာအမှတ်-၅၂ ဘုရင့်နောင်လမ်း၊ ပမာဏအရပ်ကွက်၊ ဒေါ်ပုံမြို့နယ် ဦးကျော်အုန်း(၁/ပခန(နိုင်)၀၂၄၄၃) အမည်ပေါက် နစ်(၆၀) ဝန်းမြေအား အမည်ပေါက် ဦးကျော်အုန်းမှ နှစ်(၆၀)ဝန်းမှရောင်း ယောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး နှစ်(၆၀) မြေဌားစာချုပ်(ဂရန်)ပိတ္တရေလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၁၂၈၈၊ မြေကွက်တည်နေရာအမှတ်-၁၂၈၈၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးတင်မောင်) အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးတင်မောင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်သန်းမှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေဌားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် ၇၆၈/၁၊ မြေကွက်တည်နေရာအမှတ် (၇၆၈/၁) ဇလပန်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးဘစိန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဘစိန်ထံမှ အရင်ကတိ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နုင်းသီတာမောင်(၁/ရပသ(နိုင်)၀၃၃၂၅၉၉) နှစ်(၆၀) မြေဌားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၅၆၁/က၊ မြေကွက်တည်နေရာ အမှတ် (၅၆၁/က) သံသုမာလမ်း(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်သန်း) အမည်ပေါက် နစ်(၆၀)ဝန်းမြေအား အမည်ပေါက် ဒေါ်သန်းနှင်းဝင်္ဂမ်း ဦးသန်းညွှန့်ကွယ်လွန်သဖြင့် ဦးပြည့်ကြွယ်(၁/ဥတတ(နိုင်)၀၆၃၁၅)က တစ်ဦးတည်း သောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှားပြင်ခေါ်ကြေညာစာတမ်း

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]

အမှားပြင်ခေါ်ကြေညာစာတမ်း

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပစ္စည်းများပြပွဲ

Automobile & Living Products Show

June 29 to July 2 Jade Crown Ph: 09-7309 8593, 09-7313 8593, 09-4333 1777 တင်မဟော်ခန်းမ

Come join our first vocal clinic in Yangon organized by Ko Eain Miin Htet

PRIMO PLACE WHERE TALENTED PEOPLE BEGIN !!!!

Vocal Clinic and Training Centre

Feel free to contact for required informations during office hour, 9am to 4 pm !!!!!

Contact: No. 5/3, Room no.42, Yan Aung Street 6, Yankin Township, Yangon, Myanmar
Email: primovctc@gmail.com,
Phone: 09 450041255

အများသိစေရန်ကြေညာချက်

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၃၉/ခ၊ မြေကွက်တည်နေရာအမှတ်(၅၃၉/ခ)၊ ဇေယျာ(၁၉)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးတင်မြင့်၊ ဒေါ်လှကြည်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လှကြည်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မြမြထွေး [၁၂/ဥကတ(နိုင်)၀၈၁၉၂၀]က ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ပါမစ်ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကိုန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ အမှတ်(၇၃) စမ်းချောင်းလမ်း(ပထမထပ်)၊ ခြေရင်းခန်း၊ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးငွေလှိုင်[၁၂/အစန(နိုင်)၁၀၆၅၁၁]နှင့် ဒေါ်ခင်လှဝေ[၁၂/အစန(နိုင်)၁၀၆၅၁၂]ထံမှ ဝယ်ယူပြီး အရောင်းအဝယ်စာချုပ် ပေးအပ်ထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်ပါမည်။

ဒေါ်မိမိဆွေ[၁၂/စခန(နိုင်)၀၂၇၁၁၁]
အမှတ်(၅၅)ညောင်တုန်းလမ်း၊ ကျွန်းတောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၇၃၁၀၄၀၆၄

မြင့်မြတ်သိဂီကုမ္ပဏီလီမိတက်

ပဲခူးတိုင်းဒေသကြီး(ပဲခူးအရှေ့)၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်(သာဂရ)၊ သိုင်းဝကျေးရွာအုပ်စု၊ ၇-မိုင်သစ်တောကျေးရွာ၊ ကွင်းအကွက်အမှတ်နှင့် အမည် အိုအက်စ်အက်စ်(၅၄)၊ ဧရိယာ(ဧက) (၂၅၀. ၅၆)ဧကနှင့် အိုအက်စ်အက်စ်(၄၇)၊ ဧရိယာ(ဧက) (၄၃. ၀၅)ဧကရှိ ရော်ဘာခြံသို့ ဝန်ချတောင်းပန်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သက်တော်ရှည်ရပ်ကွက်နေ ကျွန်တော် ဦးမျိုးသန်းထိုက်(ခ)ဦးမျိုးခန့်[၈/ပဖန(နိုင်)၀၇၂၇၈၅]သည် အထက်ဖော်ပြပါ မြင့်မြတ်သိဂီကုမ္ပဏီလီမိတက်၏ ရော်ဘာခြံ၌ မန်နေဂျာရာထူးတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း လုပ်ငန်းတာဝန် မကျေပွန်မှုများ၊ ငွေကြေးကွာဟမှုများ၊ ခြံအတွင်း လေလွင့်ဆုံးရှုံးမှု ကိစ္စရပ်များ၊ ကုမ္ပဏီ၏ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်မှုများကြောင့် မြင့်မြတ်သိဂီကုမ္ပဏီလီမိတက်အနေဖြင့် ငွေကြေးဆုံးရှုံးမှုများ၊ ကုမ္ပဏီဂုဏ်သိက္ခာကျဆင်းမှုများ၊ နစ်နာမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ အထက်ဖော်ပြပါကိစ္စရပ်များအားလုံးသည် မြင့်မြတ်သိဂီကုမ္ပဏီလီမိတက်နှင့် လုံးဝမသက်ဆိုင်ဘဲ ကျွန်တော် ဦးမျိုးသန်းထိုက်(ခ)ဦးမျိုးခန့်လုပ်ဆောင်ခဲ့သော အမှားများသာဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါကိစ္စရပ်များ ဖြစ်ပေါ်ခြင်းအတွက် မြင့်မြတ်သိဂီကုမ္ပဏီလီမိတက်သို့ အနူးအညွတ်တောင်းပန်ပါကြောင်းနှင့် အများသိစေရန် ကြေညာပါသည်။

ဦးမျိုးသန်းထိုက်(ခ)ဦးမျိုးခန့်
[၈/ပဖန(နိုင်)၀၇၂၇၈၅]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၅၀)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၃/ဈ)အရ မြေဧရိယာ -(၀. ၁၅၉)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အုန်းဝေ [၁၂/တမန(နိုင်)၀၆၅၈၃၉]နှင့် ဒေါ်ကြည်ကြည်ခိုင်[၁၂/သဃက(နိုင်)၀၆၃၉၈၇] တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆို အောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ တောင်ပိုင်းရပ်၊ ကျောင်းကြီးစု မ/၉၁-သဇင်လမ်းနေ ဒေါ်အီနန်း [၁၃/တကန(နိုင်) ၀၉၈၉၂၁]၏ တတိယမြောက်သမီး ဒေါ်တင်လေးခိုင် [၁၃/တကန(နိုင်) ၀၆၂၉၄၅]သည် မိခင်အပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆဲဆိုမှုများ အစဉ်အမြဲ ပြုလုပ်နေပါသဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ် ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)

မိခင်-ဒေါ်အီနန်း

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၇)အနောက်ရပ်ကွက်၊ ပတ္တမြား(၂)လမ်း၊ အမှတ် (၁၁၄၇/ခ)နေ ဦးအောင်လွင်၊ [၁၂/သကတ(နိုင်)၀၁၀၂၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၇)၊ လူနေရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ် (၁၁၄၇/ခ)၊ မြေကွက်ဧရိယာ(၀. ၀၂၇)ဧကရှိ ဂရန်မြေကွက်အား ဦးကြိုင်တင်၊ ဦးလှသိန်းတို့ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေငှားဂရန်စာချုပ်မှာ နာဂစ်ဖြစ်ပွားပြီးနောက် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာနှင်းနှင်း(LL.B)	ဒေါ်လှလှဝင်း(LL.B)	ဒေါ်မြင့်မြင့်ခိုင် (LL.B)
(စဉ်-၃၅၀၉၉)	(စဉ်-၃၈၃၁၄)	(စဉ်-၃၆၇၁၂)

အထက်တန်းရှေ့နေများ

အမှတ်(၃/၆၆)၊သဲတန်းပိုင်း၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့။

အမှတ်(၂၀)သီရိဇေယျာလမ်း၊ အောင်ချမ်းသာ(၁)ရပ်ကွက် သန်လျင်မြို့။

ဖုန်း-၀၉ ၄၂၀၀၂၉၃၂၁

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အိမ်အမှတ်(၄၂/က)၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်(၂/၄၂)၊ ဧရိယာ (၀. ၀၂၈) ဧကခန့်၊ (အလျား×အနံ) ပေ(၂၅×၅၀) အကျယ်အဝန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ခေါင်းရင်းဘက်ခြမ်း၏ (အလျား×အနံ) (၁၂ ½ပေ×ပေ၅၀)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၂/က)၊ ရွှေဝါထွန်းလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ပျဉ်ထောင်(၁)ထပ်အိမ် အဆောက်အအုံတစ်လုံးအပါအဝင် ယင်းမြေကွက်အဆောက်အအုံကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်သော ဦးစိုးမြင့်က ဦးတင့်လွင်ထံသို့ ရောင်းချခဲ့ပြီး ၎င်းမြေကွက်နှင့် အိမ်အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးတင့်လွင် [၁၂/ဒပန(နိုင်)၀၂၉၆၃၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လဲ့ယဉ်ဝင်း [၁၂/ဒပန(နိုင်) ၀၄၈၆၉၈] မှ ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ကျော်လှိုင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၂၆၂၃)
အမှတ်(၁၃၂)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၇၃၀၅၃၈၆၂

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အိမ်အမှတ်(၂၃၂)နေ ဦးငွေဝင်း (ဘ)ဦးထွန်း [၉/မနတ(နိုင်)၀၇၆၅၃၄]နှင့်ဒေါ်ဝင်းမာသွယ်(ဘ)ဦးချိုပြုံး[၉/ခအဇ(နိုင်)၀၀၂၉၉၇] တို့ ဇနီးမောင်နှံနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက် အမှတ်(၀၀-၁) ဦးပိုင်အမှတ်(၄၇)တွင်နေထိုင်သူ ဦးမျိုးသန့်[၉/တတဉ (နိုင်) ၀၁၄၂၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက် အမှတ်(၀၀-၃)၊ ဦးပိုင်အမှတ် (၅၉)၊ဧရိယာ (၀. ၀၅၅၁) ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ RC (၂)ထပ် အဆောက်အအုံသည် ဦးထွန်းထွန်းမြင့်အမည်ဖြင့် နေရာချထားပေးသော မြေကွက်ဖြစ်ပြီး၊ ဦးမျိုးသန့်မှ ငွေကျပ်(၈၀၀၀၀၀၀၀/-) (ကျပ်သိန်းရှစ်ရာတိတိ)ဖြင့် ဝယ်ယူခဲ့ပါသည်။ ဦးမျိုးသန့်မှအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် တပည့်ဖြစ်သူ ဦးတင်(ခ)ဦးမောင်မောင်တင်အား အထူးကိုယ်စားလှယ်စာကို လွှဲအပ်ပေးရန်ဦးမျိုးသန့်၏ ပြောဆိုချက်အရ ဦးထွန်းထွန်းမြင့်မှ ၅-၇-၂၀၁၁ ရက်နေ့ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၄၂၅၇/၂၀၁၁)ဖြင့် လွှဲပေးခဲ့ပါသည်။

အဆိုပါမြေအား ဝယ်ယူစဉ်က ငွေကြေးအချို့လိုအပ်သဖြင့် ဦးငွေဝင်းနှင့်ဒေါ်ဝင်းမာသွယ်တို့ ဇနီးမောင်နှံထံ မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား အာမခံထား၍ အရောင်းအဝယ်(ဟန်ဆောင်)စာချုပ်ချုပ်ဆိုပြီး ပိုင်ဆိုင်မှုမူရင်းမှတ်တမ်းများပေးအပ်ကာ ပေါင်နှံခဲ့ပါသည်။ ၁၁-၅-၂၀၁၂ရက်၌ ငွေကြေးများအားပေးဆပ်ပြီး အာမခံအဖြစ်ထားရှိသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများကို တောင်းခံရာ နောက်နေ့ပေးမည်ဆိုပြီး ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။ ထို့ပြင် အဆိုပါမြေကွက်နှင့်အဆောက်အအုံပေါ်တွင် ဦးငွေဝင်း၊ ဒေါ်ဝင်းမာသွယ်တို့ မိသားစုမှ ကျူးကျော်ဝင်ရောက် နေထိုင်လျက်ရှိပါသည်။

ထို့နောက် ၎င်းတို့ဇနီးမောင်နှံမှ ဦးမျိုးသန့်၏တပည့် ဦးတင်(ခ) ဦးမောင်မောင်တင်၏ မှတ်ပုံတင်ကိုရယူကာ ဦးမျိုးသန့် ပိုင်မြေကွက်ကို လွှဲပြောင်းရောင်းချခြင်းအပါအဝင် အခြားသောဆောင်ရွက်မှုများ ပြုလုပ်နေသည်ဟုသိရှိရပါသည်။ အထက်ပါမြေနှင့်အဆောက်အအုံမှာ ဦးမျိုးသန့်ပိုင်ဖြစ်၍ ဦးငွေဝင်း၊ ဒေါ်ဝင်းမာသွယ်တို့ မိသားစုမှ၍ သတင်းစာပါသည့်နေ့မှ(၇)ရက်အတွင်း ဖယ်ရှားထွက်ခွာပေးရန်နှင့်မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊လှူဒါန်းခြင်း၊ အမည်ပြောင်းပေးခြင်း၊ အခြားတစ်နည်းနည်းလွှဲပြောင်းခြင်းတို့ မပြုလုပ်ကြရန်နှင့် အဆိုပါမြေကွက်၏မူရင်းစာချုပ်စာတမ်းများ ပြန်လည်ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးငွေဝင်း၊ ဒေါ်ဝင်းမာသွယ်တို့ ဇနီးမောင်နှံနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့်	ဒေါ်အိမွန်ကျော် (LL.B,.D.B.L)
[၉/တတဉ(နိုင်)၀၁၄၂၆၀]	အထက်တန်းရှေ့နေ(စဉ်-၂၇၉၆၁)
	အကွက်(၂၀၄)၊ရန်ကင်းအောင်ရပ်၊
	ပုသိမ်ကြီးမြို့နယ်
	ဖုန်း-၀၉-၄၃၀၉၉၃၀၅

သီရိနေဟ

(ဟိုင်းရှင်းမြန်မာဆေးတိုက်)

Hot Line : 01-229499, 09-5032312 (9:00 Am to 4:30 Pm)

Ph : 01-572971 (6:00 Pm to 8:00 Pm)

ဒီတစ်ခေါက်နမ်းမှုအကြိုးဆုံးခန့် ဂုက်ခေါင်းမှုးနှာကို ပိုင်ဆိုပါမဲ့

Anytime

SPN Distribution Group

သနပ်ခါးလိမ်းထားတဲ့ အလှထက် . . . . . ပိုတဲ့အလှမရှိ

ရေပြင်ကိုမှန်၊ Teacher (B.E.C) ကိုကိုကိုမှ (၂)

ကျွန်မ ရွှေပြည်နန်းမှုပါဝင်ကလို နှာခေါင်းကတော့ ကျွန်မမှာပါနေကို ခြေတွေသေးပြီး ကြိုးပမ်းပါတယ်။ (အမည်) ခြေတွေနေကျဖို့ ကလေးကပ်ကပ်ကလေးတွေ ခြေတွေသေ

ရေတွေနှာ ၃ – ဦးစိုးမှုး (ဧရာဝတီကြေးထည်ဖိုး) အမှတ်-၃၃၃ မဟန်ဝေ(၆)လမ်းအနေ့ ၂/ဧရာဝတီရပ်ကွက်၊ သောကတည်ကြီးနယ်၊ ရန်ကုန်။

ပြင်ဦးလွင်မှာ ကားဝိုက်သူတွေနဲ့ကော ရွှေပြည်နန်း ကိုမက်ခက်ခဲသူတွေပေး ယူသူမဲ့ခဲတယ်။ ရာဇပေါ်ကတော့ အသားမပါ ဘူးတဲ့ ပိုင်းပေးတော့ "ဦးကလေး အသားပါတဲ့ ခံစားမှုလည်း

ဘူး (အနေ့ညာသစ္စပ်ဆောက်) အမှတ်(၁၀) ဒိုလမ်းနံပါတ်(၄)လမ်း ဒိုလမ်းနံပါတ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ကျွန်မရဲ့ အရိုးသာ ရွှေပြည်နန်း သားသမီးတွေ အမိမေတော်ကတော်ကတော့ ယခင်ကကို "ခေါ်ကျဲကျဲ ဖိုကို ကစ်ခေ ပုံကြီး ကိမ်" ကို ပြောကြီး ပေးခဲ့ပါတယ်။ ကစ်ကလည်းကုန်ရောကျွန်မစ် မှောက်ခုမှာ အကြိုးမြင်ပြီး ညှင်

ခေါ်နန်းစီး ၄ ၂၀ ဆောင်ကြီးလမ်းသွယ်၊ အုပ်စု(၁၃) (၄)ရပ်ကွက်၊ တန်ခေါင်းမြို့ နွယ်ပြည်ဧရာမြောက်ပိုင်း။

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

FTT လမ်းနှင့် ပုဂံ–ညောင်ဦးလမ်းမကြီးထောင့်၊ တိုက်ကုန်းရပ်ကွက်၊ ညောင်ဦးမြို့။
E-mail:thanakha@myanmar.com.mm, Website:www.thewaymaan.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုံရှာမြို့၊ သလ္လာမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/၄၊ မြေကွက်အမှတ်(၃၄) မြေကွက်တည်နေရာ (၉)လမ်း၊ သလ္လာမြို့သစ် ဧရိယာ(၀.၁၁၀)ကေ ဦးသန်းအမည်ပေါက်နှစ် (၃၀)ဂရန်မြေအားအမည်ပေါက် (ဦးသန်း)၏ သမီးဖြစ်သူ ခေါ်ရိရိသန်း၂၁/အစန(နိုင်)၁၀၇၆၀၂၂၆ ဂရန်မှရင်းပေးကတ်ဆုံးကြောင်းကို ရပ်ကွက်နှင့် အုပ်ချုပ်ရေးဗဟို ဥက္ကဋ္ဌ ထောက်ခံစာ၊ မြေတိုးချဲ့ရေးကော်မတီ ထောက်ခံစာနှင့် တရားဝိုးကျင်းကိုနိုလွှာ ဦးပိုင်မြေပုံးအမှတ်-၁၀၅/၁၀၆နှင့်အတူ(မှရင်း)ဂရန်ပျောက်ဆုံး၍ အသစ်ထပ်မံ လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ တစ်နည်းနည်းဖြင့် ဂရန်(မှရင်း)လက်ဝယ်ရောက်ရှိနေသူများရှိပါကလည်း အောက်ပါနှုန်းနဲ့ပါတ်များသို့ အကြောင်းကြားပေးပါရန်။

ခေါ်ရိရိသန်း၊ ဖုန်း-၀၉ ၅၁၄၁ ၂၆၅၊ ၀၉ ၄၃၀၉၆၆၀၀၊ ၀၉ ၄၃၁၅၄ ၆ ၈၉

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ် (၂)လမ်း ဆောက်လုပ်ပြီးစစ်ကိုက်အမှတ်(၁)၊ 3RC မြေပြီထပ်ဟု ခေါ်တွင်သော နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

မြေပိုင်ရှင်နှင့်ကန့်ထရိုက်တို့ နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်ရရှိသည့် အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းကို ကန်ထရိုက်တာ ဦးအေးချို(၁၂/မတတ(နိုင်)၀၃၀ ၂၆၀)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်မ်၏ မိတ်ဆွေမှ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)
ရွှေ့ပြောင်းစာချုပ်စာတမ်းဥပဒေအကြံပေး
ဖုန်း-၀၉-၃၃၀၂၄၀၃၄၊ ၀၁-၅၂၆၀၈၄

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၁၀၉)နေ ဦးမြင့်အောင်(၁၂/လမနု(နိုင်)၀၃ဝ၉၉၆)နှင့် ခေါ်ကေသိမှာ(၁/လမနု(နိုင်)၁၀၆၁၈) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးမြင့်အောင်နှင့်ခေါ်ကေသိမှာတို့က သမီးဖြစ်သူ မတိုးမြင့်အောင်(၁/လမနု(နိုင်)၁၃၇၅၅)အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီး မတိုးမြင့်အောင်ကို ရင်နစ်သည်းချာသမီးအဖြစ် ပြန်လည်သတ်မှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ခင်မာလာ(LL.B)
အထက်တန်းရွှေနေ(စဉ်-၁၀၈၃၇)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊
လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၀၁၈၅၂၀

ကျေးဇူး ဆပါယည်

ဦးခုခ်ကိုကို၏ သင်္ဘောသားလုပ်သက်မှတ်တမ်း စာအုပ်အမှတ်-မန်း-၂၀၀၄/၁၀၈သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉ ၄၃၁၁၄ ၆ ၈**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်း အမှတ်(၁၆၉)ဟု ခေါ်တွင်သော အိမ်မြေပြစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဟုခေါ်တွင်သော တောင်ကြီးမြို့၊ သစ်တောရပ်ကွက်အမှတ်(၄၃) အကွက်အမည်-ဥယျာဉ်ဟောင်းရပ်၊ ဦးပိုင်အမှတ်(၁၁၁) မြေကွက်အမှတ်(၆၇/၁၃၄)၊ ဧရိယာ(၀.၀၉၄)ကေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဒီပါ(စ်)[၉/မကန(နိုင်)၀၃၆၉၃၅]ကိုင်ဆောင်သူက ဂရန်အမှုတွဲအမှတ်-(၄၆/၂၀၀၇-၂၀၀၈)ဖြင့် နှစ်(၃၀)မြေငှားဂရန်အရ တရားဝင်ပိုင်ဆိုင်ပြီး ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဒီပါ(စ်)က ခေါ်မာနမာယာ[၉/မကန(နိုင်)၀၃၆၉၃]ကိုင်ဆောင်သူထံသို့ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ခေါ်မာနမာယာက ကျွန်တော် ဦးကျော်မြင့်[၁၃/လရန(နိုင်)၀၀၆၁၉၂]ကိုင်ဆောင်သူထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချမည်ဖြစ်ရာ ကျွန်တော်ဦးကျော်မြင့်က ဝယ်ယူမည်ဖြစ်သောကြောင့် ရောင်းကြေငွေ တစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေပြစာနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့် ကျွန်တော် ဦးကျော်မြင့်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်မြင့်
[၁၃/လရန(နိုင်)၀၀၆၁၉၂]
အမှတ်(၁၁၁)၊ ဒီဇင်ဝါလမ်း၊ တန်အောက်ရပ်၊ တောင်ကြီးမြို့။

Perfect

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁ဝ့ရပ်ကွက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ မြေကွက်အမှတ်-၉၁၂ မြေကွက်တည်နေရာအမှတ်-၉၁၂ အောင်မင်္ဂလာလမ်း(၂၈)လမ်းတွင် ဒုတိုင်ကြာ(ခေါ်ခင်အေးဟန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခေါ်ခင်အေးဟန်ထံမှ ထွေထွေကိုယ်စားလှယ်- ([illegible]) ဖြင့် ရရှိသည့် ခေါ်ဘိုးကို/ပခန(နိုင်)၀၉၆၅၅၅၅မှ ပါဝါယေသွယ်ကော်မိုထင်ရားနိုးကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန
ရန်ကုန်မြို့တော်ရည်ပသာယာရေးကော်မတီ

ခွေးရောင်းရန်ရှိသည်

Import Golden Retreiver ခွေးသားပေါက်များရောင်းရန်ရှိသည်။ (၂) လသား၊ သံချပြီး၊ ကာကွယ်ဆေးထိုးပြီး။
ဆက်သွယ်ရန်-ဖုန်း-၀၉ ၅၅၀၄၃၃၄